ကြေးမုံ

The Mirror

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၇ ရက်၊ စနေနေ့၊ (3-7-2010) (၆၄၄၈)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　　ဇူလိုင်　　၃

၂၀၁၀ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာအလက်ဇန္ဒား၊ အာရ်၊ လူကာရှန်ကို ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　　ဇူလိုင်　　၃

၂၀၁၀ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆာဂျီ၊ ဆီဒေါ်စကီး ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ဒေသထွက်ကုန်များကို ရန်ကုန်မြို့နှင့် အခြားဒေသများရှိ ဈေးကွက်များသို့ စရိတ်စက သက်သာစွာဖြင့် တင်ပို့နိုင်ရေးအတွက် ပုသိမ်-ရန်ကုန်ရထားလမ်းကို ဖောက်လုပ်ပေးနေခြင်းဖြစ် လမ်းဖောက်လုပ်ရာတွင် ဆောင်ရွက်ပြီးစီးသည့် လမ်းပိုင်းအလိုက် ဖွင့်လှစ်ပြေးဆွဲနိုင်ရေး စီမံဆောင်ရွက်

နေပြည်တော်　　ဇူလိုင်　　၂

ဧရာဝတီတိုင်း ပုသိမ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် ဇူလိုင် ၁ ရက် နံနက်ပိုင်းတွင် ပုသိမ်(ဘဲဂရက်)-အိမ်မဲ-ညောင်တုန်း-ရန်ကုန် ရထားလမ်း ဖောက်လုပ်နေမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကန်ကြီးထောင့်မြို့နယ်ရှိ ဆင်ဂေါင်းဘူတာ၌ တည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်က နယ်ပယ်ကဏ္ဍအသီးသီးတွင် အချိန်၊ လုပ်အား၊ ငွေကြေး မြောက်မြားစွာ ရင်းနှီးမြှုပ်နှံ တည်ဆောက်ပေးထားသည့် အခြေခံအဆောက်အအုံများကို ရေရှည်တည်တံ့အောင် စနစ်တကျ ပြုပြင်ထိန်းသိမ်း။

ကြေးမုံ The Mirror
၃-၇-၂၀၁၀ (စနေနေ့)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စီးပွားရေးဖွံ့ဖြိုးမှုခိုင်မာအောင် ကြိုးပမ်းဖော်ဆောင်

နိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် ကားလမ်း၊ ရထားလမ်းသစ်များ ဖောက်လုပ်ပေးနေသည်။ လမ်းများနှင့်အတူ မြစ်ကူး ချောင်းကူး တံတားပေါင်းများစွာကို တည်ဆောက်ပေးခဲ့ပြီ။ ဧရာဝတီ မြစ်ကူးတံတားကြီးများကို တည်ဆောက်ပေးထားရာ ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းတို့ တစ်သားတည်းဖြစ်နေပြီ။ ဧရာဝတီတိုင်းသည် အကြီးမားဆုံး စီးပွားရေးဇုန်ကြီးအဖြစ် ဖွံ့ဖြိုးလာပေတော့မည်။

ဧရာဝတီတိုင်းသည် ယခင်က ရေလမ်းတစ်ခုတည်းကိုသာ အားကိုးသွားလာနေရသဖြင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောဒေသတစ်ခု ဖြစ်ခဲ့သည်။ ယခုအခါ ကားလမ်းမကြီးများ၊ မြစ်ကူးတံတားကြီးများနှင့် ရထားလမ်းများကိုပါ ကွန်ရက်သဖွယ်တိုးချဲ့ဖောက်လုပ်လျက်ရှိရာ နေရာဒေသမရွေးသွားလာနိုင်သော ဒေသတစ်ခုဖြစ်လာနေပေပြီ။

ကြံခင်း-ပခုက္ကူ ရထားလမ်းသည် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းရှိ ဒေသခံပြည်သူများအတွက် အရေးပါသော ဆက်သွယ်ရေးလမ်းကြောင်းဖြစ်သည်။ ကြံခင်း၊ ဥသျှစ်ပင်၊ ကံမ၊ သရက်၊ မင်းလှ၊ ပခုက္ကူ၊ ကျွန်းချောင်း လမ်းပိုင်းများကို ဖွင့်လှစ်ပေးနိုင်ခဲ့ရာ ဒေသခံပြည်သူများ ရထားဖြင့် ကုန်စည်ပို့ဆောင်သွားလာနိုင်ကြပြီ ဖြစ်သည်။

ယခုအခါ ရန်ကုန်-ပုသိမ် ရထားလမ်းကို ဖောက်လုပ်လျက်ရှိသည်။ ညောင်တုန်းမြို့နယ်တွင် ဧရာဝတီတံတား (ညောင်တုန်း)ကို တည်ဆောက်နေပြီ။ ဟသ်ာတ-ဓနုဖြူ-စကြော့(ညောင်တုန်း)ရထားလမ်းကို ဖောက်လုပ်လျက်ရှိရာ ဟသ်ာတ-ဇလွန်လမ်းပိုင်းကို မကြာမီဖွင့်လှစ်နိုင်ရေးကြိုးပမ်းနေကြသည်။ အဆိုပါ ရထားလမ်းပိုင်းတစ်ခုလုံးပြီးစီးပါက ဧရာဝတီမြစ်အနောက်ဘက်ခြမ်းရှိ ပုသိမ်၊ ကြံခင်း၊ ပခုက္ကူ၊ ကလေး၊ မင်းဘူး၊ အမ်း၊ စစ်တွေမြို့တို့နှင့် တစ်ဆက်တစ်စပ်တည်း ဆက်သွယ်သွားလာနိုင်ကြမည် ဖြစ်သည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် မြစ်ချောင်းများပေါများပြီး ပင်လယ်ပိုင်းနှင့်ဆက်စပ်နေသဖြင့် စိုက်ပျိုးရေးသာမက ရေလုပ်ငန်းနှင့် ဆားလုပ်ငန်းများကိုပါ စီးပွားဖြစ်လုပ်ကိုင်နိုင်သည်။ ဆန်စပါးအပါအဝင် သီးနှံစုံစိုက်ပျိုး ဖြစ်ထွန်းသည်။ မိုးစပါး၊ နွေစပါးများ တိုးချဲ့စိုက်ပျိုးလျက်ရှိရာ နှစ်စဉ်စပါးအထွက် လျာထားချက်ထက် ပိုမိုထုတ်လုပ်နိုင်လျက်ရှိသည်။

ယခုအခါ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၌ လမ်းကွန်ရက်ဖွံ့ဖြိုးမှု စီမံကိန်းများ အကောင်အထည်ဖော်လျက်ရှိရာ ပင်လယ်ပိုင်းဒေသများပါ ဆက်စပ်ဖွံ့ဖြိုးလာမည်ဖြစ်သည်။ သက်ဆိုင်ရာဌာနများနှင့် ပြည်သူများက ဧရာဝတီတိုင်း၏ ထူးခြားကောင်းမွန်သော ရေ၊ မြေ သဘာဝသယံဇာတများကို ဆက်စပ်အသုံးချပြီး အမိကအားထားရာ လယ်ယာထွက်ကုန်များ တိုးမြှင့်ထုတ်လုပ်လာနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးမှု ခိုင်မာသောဒေသတစ်ခု ဖြစ်လာမည်ဖြစ်ပါသည်။ ။

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ပညာရေးဝန်ကြီးဌာန ၂၀၁၀ ခုနှစ် ပထမအကြိမ် နေပြည်တော်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကွံကော်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန နေပြည်တော် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂

ပညာရေးဝန်ကြီးဌာန ၂၀၁၀ ခုနှစ် ပထမအကြိမ် နေပြည်တော် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးဌာန ဆိုင်းဘုတ်ရှေ့၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းတို့ တက်ရောက်၍ သတ်မှတ်နေရာများ၌ ကွံကော်ပင်များကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် ကွံကော်ပင်များကို စိုက်ပျိုးပေးကြပြီး အရာထမ်း၊ အမှုထမ်းများ၏ အရိပ်ရပင်၊ လေကာပင်နှင့် နှစ်ရှည်ပင်များ စုပေါင်းစိုက်ပျိုးနေမှုကို ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လှည့်လည်ကြည့်ရှုအားပေးကြသည်။

ပညာရေးဝန်ကြီးဌာန ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကွံကော်၊ ခရေ၊ သရက်၊ ပုန်းညက်၊ ကျွန်း၊ ပျဉ်းကတိုး၊ ရေတမာ၊ သစ်မွှေးနှင့် အသောကပင် စုစုပေါင်း ၂၁၂၄ ပင် စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သဘာဝဘေးလျှော့ပါးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ နေပြည်တော်၌ ကျင်းပ

နေပြည်တော် ဇူလိုင် ၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် Asian Disaster Preparedness Center (ADPC)တို့ ပူးပေါင်းကျင်းပသော သဘာဝဘေးလျှော့ပါးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Work on Disaster Risk Reduction)ကို ယမန်နေ့နံနက် ၉ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ကုမုဒြာဟိုတယ်၌ ကျင်းပရာ ရှေးဦးစွာ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ဦးသန်းမြင့်က အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ Asian Disaster Preparedness Center (ADPC) Project Manager Mr. Sudhir Kumar က အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးတင်ပြမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းရပ်များကို ဆောင်ရွက်နေကြသည့် NGOs များမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဆွေးနွေးပွဲကို ဇူလိုင် ၂ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မြင့် သဘာဝဘေးလျှော့ပါးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၃-၇-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၃၀	၄။	**ကာတွန်းအစီအစဉ် - အမြွာစုံထောက် (အပိုင်း-၁၇)**
၁၂း၀၀	၅။	**ရုပ်မြင်သံကြားဇာတ်လမ်း -ကြေမွအသည်း (ပြေတီဦး၊ သက်မွန်မြင့်၊ နဝရတ်) [ဒါရိုက်တာ-ကိုဇော် (အရုဏ်ဦး)]**
၁း၃၀	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၂း၀၀	၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကြင်နာသူရဲ့ချစ်ရိပ် (အပိုင်း-၄၈)**
၂း၅၅	၈။	အပိတ်နှုတ်ဆက်စကား
၃း၀၀	၉။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၁၅	၄။	မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၄၅	၅။	မြန်မာသံစဉ်ချိုနားဝင်
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၂၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၀	၉။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၂။	လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၀	၁၃။	စားဖို့ဆောင်ချစ်သူ
၆း၄၅	၁၄။	ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရင်နှစ်သည်းချာ (အပိုင်း-၄၁)**
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	နိုင်ငံတကာသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	အင်္ဂလိပ်စာသုတ
	၂၁။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၂။	**၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (Live) - အာဂျင်တီးနားနှင့် ဂျာမနီ**
	၂၃။	လင်းရောင်စဉ်အတွက် ပုံရိပ်များ (အပိုင်း-၆)
	၂၄။	သင့်အတွက်မနက်ဖြန်
	၂၅။	အပိတ်နှုတ်ဆက်စကား
	၂၆။	ပြီးပါပြီ။

၄-၇-၂၀၁၀ ရက် (တနင်္ဂနွေနေ့)

၁း၀၀	၁။	**၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (Live) - ပါရာဂွေးနှင့် စပိန်**

နေပြည်တော်တပ်ကုန်းမြို့နယ် မိုးစပါးချေးငွေထုတ်ချေး

နေပြည်တော် ဇူလိုင် ၂

နေပြည်တော်တပ်ကုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (နေပြည်တော်တပ်ကုန်းဘဏ်ခွဲ)မှ နေပြည်တော်တပ်ကုန်းမြို့နယ်အတွင်း ကျေးရွာအုပ်စု ၄၅ အုပ်စုအတွက် ၂၀၁၀ခုနှစ် မိုးစပါး စိုက်ပျိုးရေးဘဏ်ချေးငွေများအား ယခုနှစ် ဧပြီ ၂၈ရက်မှစ၍ ထုတ်ချေးပေးခဲ့ရာ မြို့နယ်မန်နေဂျာ ဦးအောင်ကျော်ထွန်းနှင့် ဝန်ထမ်းများက ကျေးရွာအုပ်စု ၄၅ အုပ်စုမှ တောင်သူလယ်သမား ၆၆၈၃ ဦးအတွက် မိုးစပါးစိုက်ဧက ၃၂၁၉၅ ဧကနှင့် ဝါဧက ၁၅၆၀ အတွက် ချေးငွေကျပ် ၆၅၉၅ သိန်း ထုတ်ချေးပေးပြီးကြောင်း သိရသည်။ (၅၆၄)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား (၂)ရပ်ကွက်နေ မိခင်ကြီး ဒေါ်တင်ရွှေ (ကျောက်တံခါး) အား ရည်စူး၍ ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)- ဒေါ်အေးမွန်ရှိန်မိသားစုက ထာဝရဆွမ်းပဒေသာပင် ငွေကျပ် ၁၀ သိန်းနှင့် တစ်နေ့လုံးစာအထူးအာဟာရ ကျွေးမွေးရန် ငွေကျပ် တစ်သိန်းငါးသောင်း စုစုပေါင်း ငွေကျပ် တစ်ဆယ့်တစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဌာနဆိုင်ရာ ဝန်ထမ်းများသည် တာဝန်ကျရာ နယ်မြေအသီးသီး၌ နိုင်ငံတော်အစိုးရကိုယ်စား တာဝန်ထမ်းဆောင်နေကြခြင်းဖြစ် လုပ်ထုံးလုပ်နည်း၊ စည်းကမ်းဥပဒေများကို တိကျစွာ လိုက်နာကျင့်သုံးကြရမည့်အပြင် လုပ်ငန်းအပေါ် စေတနာထားဆောင်ရွက်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အိမ်မဲမြစ်ကူးတံတား တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

☆ **ရွှေဖုံးမှ**

ရွှေဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်ရှိ ဆင်ဂေါင်းဘူတာသို့ ရောက်ရှိရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းက ဘူတာ၌ ကြိုတင်အားဖြည့် သံကူကွန်ကရစ်တံတားပေါင်များ ထုတ်လုပ်နေမှု၊ ရထားသံလမ်း၊ ကွန်ကရစ်ဇလီဖား၊ လမ်းခင်းကျောက်နှင့် တည်ဆောက်ရေးပစ္စည်းများ စုဆောင်းထားရှိမှု၊ ဘူတာနှင့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အိမ်မဲမြို့ရှိ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း စီမံကိန်းအင်ဂျင်နီယာရုံးသို့ ရောက်ရှိရာ ဝန်ကြီး ဦးအောင်မင်းက အရှည် ၈၉ မိုင်ရှိ ပုသိမ်(ဘဲဂရက်)-အိမ်မဲ-ညောင်တုန်း-ရန်ကုန်ရထားလမ်း စီမံကိန်းတွင် လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရထားလမ်းဖြတ်သန်းမည့် မြို့နယ်များ၊ မြေကြီးလုပ်ငန်းနှင့် တံတားလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က ဤဒေသသည် ဆန်စပါး၊ သားငါးထွက်ကုန် ပေါများသော ဒေသဖြစ်၍ ဒေသထွက်ကုန်များကို ရန်ကုန်မြို့နှင့် အခြားဒေသများရှိ ဈေးကွက်များသို့ စရိတ်စက သက်သာစွာဖြင့် တင်ပို့နိုင်ရေးအတွက် ပုသိမ်-ရန်ကုန်ရထားလမ်းကို ဖောက်လုပ်ပေးနေခြင်း ဖြစ်ကြောင်း၊ လမ်းဖောက်လုပ်ရာတွင် ဆောင်ရွက်ပြီးစီးသည့် လမ်းပိုင်းအလိုက် ဖွင့်လှစ်ပြေးဆွဲနိုင်ရေး စီမံဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊ မိုးရွာသွန်းမှုများပြားသောဒေသဖြစ်၍ မြေသားလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်ခိုင်ခံ့အောင်ဂရုတစိုက် ဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် မအူပင်ခရိုင်၊ မြောင်းမြခရိုင်၊ ပန်းတနော်မြို့နယ်နှင့် အိမ်မဲမြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ မှာကြားရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများသည် မိမိတို့တာဝန်ယူဆောင်ရွက်သည့် ဒေသများအတွင်း သီးနှံအမျိုးအစားအလိုက် စိုက်ဧကနှင့် စာရင်းဇယားအချက်အလက်များ တိကျမှန်ကန်စွာ ကောက်ယူရေးအလေးထား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ယခုအခါ ဒေသခံတောင်သူများအတွက် စိုက်ပျိုးစရိတ်များ သင့်လျော်သလို ပံ့ပိုးကူညီပေးနိုင်ရေးအတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိကအပိုင်းက ဝိုင်းဝန်းဆောင်ရွက် ပေးနေပြီဖြစ်ကြောင်း။ ထို့ကြောင့် ဒေသခံတောင်သူများ စပါးနှင့် အခြားသီးနှံများ စိုက်ပျိုးရာတွင် အထွက်တိုးမျိုးများ ပြောင်းလဲစိုက်ပျိုးနိုင်ရေး၊ ခေတ်မီစိုက်ပျိုးနည်းစနစ်များ အသုံးပြု စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးတို့အတွက် သက်ဆိုင်ရာဌာနများမှ ပညာရှင်များ၊ ဝန်ထမ်းများကိုယ်တိုင် ကွင်းဆင်းသွားရောက်၍ အပင်ပန်းခံဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

အလားတူ ရေကြီးနစ်မြုပ်နိုင်သော နယ်မြေများတွင် ကြိုတင်ပြင်ဆင်ကာကွယ်မှုများ စီမံဆောင်ရွက်ထားရန်လည်း လိုအပ်ကြောင်း။

ဌာနဆိုင်ရာဝန်ထမ်းများသည် တာဝန်ကျရာနယ်မြေအသီးသီး၌ နိုင်ငံတော်အစိုးရကိုယ်စား တာဝန်ထမ်းဆောင်နေကြခြင်းဖြစ်၍ ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းဥပဒေများကို တိကျစွာ လိုက်နာကျင့်သုံးကြရမည့်အပြင် လုပ်ငန်းအပေါ် စေတနာထားဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

နိုင်ငံတော်က နယ်ပယ်ကဏ္ဍအသီးသီးတွင် အချိန်၊ လုပ်အား၊ ငွေကြေး မြောက်မြားစွာ ရင်းနှီးမြှုပ်နှံ တည်ဆောက်ပေးထားသည့် အခြေခံအဆောက်အအုံများကို ရေရှည်တည်တံ့အောင် စနစ်တကျ ပြုပြင်ထိန်းသိမ်းသွားကြရန် လိုအပ်ကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်သည် မြန်မာ့မီးရထားက တာဝန်ယူတည်ဆောက်နေသည့် အိမ်မဲမြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အိမ်မဲမြို့မှ ပန်းတနော်-ဝါးခယ်မလမ်းအတိုင်း ဆက်လက်ထွက်ခွာလာပြီး ရထားလမ်း တာပေါင်များနှင့် ဘူတာယာဒ်ဝင်းများ တည်ဆောက်ပြီးစီးမှု၊ လမ်းဘေးဝဲယာတို့၌ မိုးစပါး၊ ဟင်းသီး ဟင်းရွက်နှင့် အခြားသီးနှံများ စိုက်ပျိုးနေမှုနှင့် စိုက်ပျိုးပြီးစီးမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ပန်းတနော်မြို့နယ် ရုံးတောကျေးရွာအနီး၌ စက်ယန္တရားများဖြင့် ရထားလမ်း မြေသားတာပေါင်ဖို့ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အနီးဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပန်းတနော်မြို့မှတစ်ဆင့် ရန်ကုန်-ပုသိမ်လမ်းအတိုင်း ဆက်လက်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

ဧရာဝတီတိုင်း ပုသိမ်မြို့နှင့် ရန်ကုန်တိုင်း ရန်ကုန်မြို့ကို ဆက်သွယ်ပေးမည့် ပုသိမ်(ဘဲဂရက်)-အိမ်မဲ-ညောင်တုန်း-ရန်ကုန် ရထားလမ်းကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူဖောက်လုပ်လျက်ရှိသည်။

ဤရထားလမ်းကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ စတင်၍ ဖောက်လုပ်လျက်ရှိပြီး ယခုအခါ မြေကြီးလုပ်ငန်း၊ တာပေါင်မြေကြီးလုပ်ငန်းနှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်းများကိုဆောင် ရွက်လျက်ရှိသည်။ ရထားလမ်းသည် ပုသိမ်၊ ကန်ကြီးထောင့်၊ ကျောင်းကုန်း၊ အိမ်မဲ၊ ပန်းတနော်၊ ညောင်တုန်းနှင့်လှိုင်သာယာ မြို့နယ်တို့ကို ဖြတ်သန်း ဖောက်လုပ်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အိမ်မဲမြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၇-၂၀၁၀ (စနေနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo
ပဌာန်းပါဠိတော်+အင်္ဂုလိမာလ
သုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ "ဝိပဿနာအလုပ်ပေးတရား"
(ဆရာတော်ဘဒ္ဒန္တဒေါက်တာ
စန္ဒာဝရာဘိဝံသ)
၆း၅၀ ကပ်လှူပူဇော်ကုသိုလ်ယူမယ်
ဆံတော်ရှင်ကျိုက်သုတ်
စေတီတော်ဝယ်
၇း၀၀ MRTV-4 သတင်း
၇း၄၅ ရန်ကုန်မြင်ကွင်းကျယ်
(8 Days A Week Journal
1st Anniversary)
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၃၅)**
၈း၃၀ ဆန်းသစ်လှပခေတ်မီသော
မြန်မာ့ချည်ထည်အဆင်ဆန်းများ
၈း၅၅ Activities In The City
- SONY EXPO 2010 ၏
နောက်ဆုံးပေါ်အဆင့်မြင့်
နည်းပညာပြပွဲ
- အမျိုးသမီးဆရာဝန်များအဖွဲ့
(ရန်ကုန်)၏ကျန်းမာသော
လူမှုဘဝနေထိုင်မှုပုံစံ
၉း၁၅ သလ္လာဝတီမြို့တော်မှ သန်းကုဋေ
အောင်၏ မြတ်သောအလှူ
၉း၄၀ Global Panorama
(ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၄၀ အယသမင်္ဂါတို့ဖြစ်တည်ရာ. . .
၁၀း၅၀ သွားမယ်စားမယ်
(Cafe' Bellagio)
၁၁း၂၀ မိခင်နို့စနစ်တကျတိုက်ကျွေးနည်း
နှင့်ဖြည့်စွက်စာကျွေးနည်း
သိကောင်းစရာများ
(ဒေါက်တာသိန်းသိန်းမြင့်)
၁၁း၃၀ သီးနှံစိုက်ပျိုးအထွက်တိုး
"စပါးပန်းတိုင်အထွက်နှုန်း"
၁၁း၄၅ မြန်မာအမျိုးသမီးများနေ့
အထိမ်းအမှတ်တေးသီချင်းများ
၂၀၁၀ ခုနှစ် ဇူလိုင်လ ၃ရက်
၁၂း၃၅ မျှော်လင့်ခြင်းခရီးစဉ်
ဖြစ်ရပ်မှန် (၄)(အဆုတ်ကင်ဆာ)
၁း၀၀ "ဝိပဿနာအလုပ်ပေးတရား"
(ဆရာတော်ဘဒ္ဒန္တဒေါက်တာ
စန္ဒာဝရာဘိဝံသ)
၂း၀၀ MRTV-4 သတင်း
၂း၄၅ Fashion Music Festival
(Romantic Couple-2)
၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၃၅)**
၄း၀၅ လောကရဲ့အလှုရတနာ
(ရဲအောင်၊ သူထူးစံ၊ မေသဥ္ဇာဦး၊
ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ မေကဗျာ)
၄း၂၀ Activities In The City
- SONY EXPO 2010 ၏
နောက်ဆုံးပေါ်အဆင့်မြင့်
နည်းပညာပြပွဲ
- အမျိုးသမီးဆရာဝန်များအဖွဲ့
(ရန်ကုန်)၏ကျန်းမာသော
လူမှုဘဝနေထိုင်မှုပုံစံ
၄း၄၅ တိုးတက်စည်ဝေ
ညောင်ဇင်ကျေးရွာဖွံ့ဖြိုးနေ
၅း၁၀ သလ္လာဝတီမြို့တော်မှသန်းကုဋေ
အောင်၏မြတ်သောအလှူ
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ သွားမယ်စားမယ်
(Cafe' Bellagio)
၆း၄၅ ဖန်တီးသူနှင့်အနုပညာ
(ချစ်သုဝေနှင့်တွေ့ဆုံခြင်း)(အပိုင်း-၁)
၇း၁၅ Fashion Music Festival
(Romantic Couple-2)
၈း၀၀ MRTV-4 သတင်း
၈း၃၀ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
၉း၀၀ တိုးတက်စည်ဝေ
ညောင်ဇင်ကျေးရွာဖွံ့ဖြိုးနေ
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၃၅)**
၁၀း၀၀ မျှော်လင့်ခြင်းခရီးစဉ်
ဖြစ်ရပ်မှန် (၄) (အဆုတ်ကင်ဆာ)
၁၀း၂၀ Sports World
၁၀း၄၅ ဖန်တီးသူနှင့်အနုပညာ
(ချစ်သုဝေနှင့်တွေ့ဆုံခြင်း)
(အပိုင်း-၁)
၁၁း၁၅ ရန်ကုန်မြင်ကွင်းကျယ်
(8 Days A Week Journal
1st Anniversary)
၁၁း၃၀ စွမ်းရည်ထက်မြက်
မြန်မာ့မျက်လှည့်
၁၁း၅၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပါကစ္စတန်နိုင်ငံ၏ ဒုတိယမြို့တော် လာဟိုးရှိ ဝတ်ကျောင်းကို ဇူလိုင် ၂ ရက်က ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ပြီးနောက် တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့၌ အသေခံဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွား တိုက်ခိုက်မှုများနှင့်ပတ်သက်၍ အမေရိကန်ကို ပါကစ္စတန်ပြည်သူများအပြစ်တင်

လာဟိုး ဇူလိုင် ၂

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့ရှိ ထင်ရှားသော ဝတ်ကျောင်းတစ်ခုအတွင်း အသေခံဗုံးခွဲတိုက်ခိုက်မှုနှစ်ရပ် သောကြာနေ့က ဖြစ်ပွားခဲ့ရာ လူ ၄၂ ဦး သေဆုံး၍ ၁၈၀ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

လာဟိုးမြို့၏ သမိုင်းဝင် ဒါတာဒါဘာ ဝတ်ကျောင်းအတွင်း လူထောင်ပေါင်းများစွာ စုရုံးနေကြစဉ် မိနစ်ပိုင်းသာခြား၍ အသေခံဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပြင်းထန်သော ပေါက်ကွဲမှုကြောင့် ဝတ်ကျောင်း ကွန်ကရစ်နံရံများ ပျက်စီးခဲ့ပြီး သံမဏိတံခါးများလည်း ဗုံးဒဏ်ကြောင့် ရွဲ့စောင်းခဲ့ရသည်။ ဝတ်ကျောင်း၏ ကြမ်းပြင်ပေါ်တွင် ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးဒဏ်ရာရရှိသူတို့၏ သွေးတို့ဖြင့် အလူးလူးအပေပေဖြစ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ပြန်လည်ဖြေကြား

ယင်းအသေခံဗုံးခွဲမှုများကို မည်သည့်အဖွဲ့အစည်းက လုပ်ဆောင်ခဲ့ကြောင်း မသိရသေးပေ။ သို့ရာတွင် ပါကစ္စတန်နိုင်ငံသား အများအပြားကို သောကြာနေ့က တွေ့ဆုံမေးမြန်းခဲ့ရာတွင် အသေခံဗုံးခွဲတိုက်ခိုက်မှုများ ပေါ်ပေါက်ရခြင်း အကြောင်းရင်းမှာ အာဖဂန်နစ္စတန်၌ အမေရိကန်တပ်ဖွဲ့များ ရှိနေခြင်းနှင့် ပါကစ္စတန်နိုင်ငံလူမျိုးစု ဒေသများမှ စစ်သွေးကြွများကို အမေရိကန်နိုင်ငံက ဒုံးကျည်များဖြင့် ပစ်ခတ်ချေမှုန်းနေခြင်းကြောင့်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်ဟု သတင်းများတွင်ဖော်ပြသည်။

ဗုံးခွဲတိုက်ခိုက်မှုများနှင့်စပ်လျဉ်း၍ ပါကစ္စတန်နိုင်ငံဆိုင်ရာ အမေရိကန်သံရုံးက ကြေညာချက်ထုတ်ပြန်ရာတွင် အကြမ်းဖက်သမားများသည် ပါကစ္စတန်၏ အနာဂတ်နှင့် ပါကစ္စတန်ပြည်သူတို့၏ အသက်အိုးအိမ်ကို ထည့်သွင်းစဉ်းစားပေးခြင်းမရှိကြောင်း ရှုတ်ချဖော်ပြသည်။

အင်တာနက်။

နျူကလီးယားစက်ရုံဝင်းအတွင်း စည်းရိုးကျော်ဝင်ရောက်သူများ ဒဏ်ငွေပြစ်ဒဏ်များ ကျခံစေရန် ဆွီဒင်အစိုးရကအမိန့်ချ

စတော့ဟုမ်း ဇူလိုင် ၂

ဆွီဒင်တရားရုံးတစ်ရုံးက နျူကလီးယားစွမ်းအင်စက်ရုံဝင်းအတွင်းသို့ ချိုးဖျက်ဝင်ရောက်ခဲ့သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူ ၂၉ ဦးကို တစ်ဦးလျှင် ဆွီဒင်ငွေ ကရိုနာ ၁၇၀၀၀ (ဒေါ်လာ ၂၂၀၀)ပေးဆောင်ရန် အမိန့်ချမှတ်ခဲ့ကြောင်း ဇူလိုင် ၁ ရက် သတင်းများတွင် ဖော်ပြသည်။

ကျော်ဖြတ်ဝင်ရောက်

အဆိုပါ ဒဏ်ငွေပေးဆောင်ရမည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများသည် ပြီးခဲ့သည့်လအတွင်း ဆွီဒင်နိုင်ငံအလယ်ပိုင်းရှိ ဖော့စ်မတ်နျူကလီးယား ဓာတ်အားပေးစက်ရုံအတွင်းသို့ ခြံစည်းရိုးကို ကျော်ဖြတ်ဝင်ရောက်ခဲ့သူများဖြစ်သည်။

ဆွီဒင်နျူကလီးယားဓာတ်အားပေးစက်ရုံကို ချိုးဖျက်ဝင်ရောက်ခဲ့ကြသော ပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားများသည် ဂျာမန်၊ ပိုလန်၊ ဗြိတိန်၊ ပြင်သစ်နှင့် စကင်ဒီနေးဗီးယန်းနိုင်ငံများမှ နိုင်ငံသားများပါဝင်သည်။ ၎င်းတို့သည် ဆွီဒင်အစိုးရ၏ နျူကလီးယားဓာတ်ပေါင်းဖို အဟောင်းနေရာတွင် အသစ်အစားထိုးရန် စီမံမှုကို ကန့်ကွက်သည့်အနေဖြင့် နျူကလီးယားစက်ရုံဝင်းအတွင်း ဝင်ရောက်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

အင်တာနက်။

ဆွီဒင်နိုင်ငံ ဖော့စ်မတ် နျူကလီးယား ဓာတ်အားပေးစက်ရုံ အဆောက်အအုံကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကုလလုံခြုံရေးကောင်စီ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသော နိုင်ဂျီးရီးယားနိုင်ငံသို့ အီရန်သမ္မတ သွားရောက်မည်

လားဂို့စ် ဇူလိုင် ၂

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်မည့် နိုင်ဂျီးရီးယားနိုင်ငံသို့ အီရန်သမ္မတ မာမွတ်အာမာဒီနီဂျက်သည် မကြာမီ အလည်အပတ်ခရီးသွားရောက်မည်ဖြစ်ကြောင်း ဇူလိုင် ၁ ရက် သတင်းများတွင် ဖော်ပြသည်။

အီရန်သမ္မတသည် ကုလသမဂ္ဂက ၎င်း၏နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ ပိတ်ဆို့တားမြစ်မှုများကို ရင်ဆိုင်နိုင်ရေးအတွက် မဟာမိတ်ဖွဲ့ရန်အလို့ငှာ ယူဂန္ဒာနှင့် ဇင်ဘာဘွေနိုင်ငံများသို့ ဧပြီလအတွင်းက သွားရောက်ခဲ့ပြီးဖြစ်သည်။

နိုင်ဂျီးရီးယားနိုင်ငံဆိုင်ရာ အီရန်သံအမတ်ကြီးက သမ္မတအာမာဒီနီဂျက်၏ အလည်အပတ်ခရီးစဉ်နှင့် ပတ်သက်၍ အတည်ပြု ပြောကြားခဲ့သော်လည်း အသေးစိတ်ကိုမူ ပြောကြားခဲ့ခြင်းမရှိပေ။

အီရန်သမ္မတ အာမာဒီနီဂျက်သည် နိုင်ဂျီးရီးယားနိုင်ငံ အဘူဂျာမြို့တော်၌ ကျင်းပမည့် ဖွံ့ဖြိုးဆဲရှစ်နိုင်ငံအုပ်စု အစည်းအဝေး(ဒီ-၈)ကို ကျင်းပစဉ်အတွင်း လာရောက်ရန် စီစဉ်ထားကြောင်း သတင်းများတွင် ဖော်ပြသည်။

နိုင်ဂျီးရီးယားနိုင်ငံသည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို ကြာသပတေးနေ့က ရယူခဲ့ပြီး အဖွဲ့ဝင်နိုင်ငံ ၁၅ နိုင်ငံပါဝင်သော ကုလလုံခြုံရေး ကောင်စီ၏ သဘာပတိအဖြစ် တာဝန်ယူရမည်ဖြစ်သည်။ **အင်တာနက်။**

နိုင်ဂျီးရီးယားဘောလုံးအသင်း နိုင်ငံတကာပြိုင်ပွဲ ကစားခွင့်အပိတ်ခံရ

လားဂို့စ် ဇူလိုင် ၂

တောင်အာဖရိကနိုင်ငံ၌ ကျင်းပလျက်ရှိသည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ခြေစွမ်းမပြနိုင်သော နိုင်ဂျီးရီးယား အမျိုးသားဘောလုံးအသင်းကို နိုင်ငံတကာပြိုင်ပွဲများ၌ နှစ်နှစ်အတွင်း ပါဝင်ယှဉ်ပြိုင်ခြင်းမပြုရန် သမ္မတဂွတ်လဒ်ဂျိုနသန်က ဗုဒ္ဓဟူးနေ့တွင် ညွှန်ကြားလိုက်သည်။

သမ္မတ၏ဆုံးဖြတ်ချက်သည် နိုင်ဂျီးရီးယားဘောလုံးလောကကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းနိုင်ရန်အတွက်ဖြစ်ကြောင်း အထူးအကြံပေးအရာရှိ အိုင်မာနီဘိုနိုက သတင်းထောက်များကို ပြောကြားသည်။

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှ နိုင်ဂျီးရီးယားအသင်း နိုင်ပွဲမရှိ ထွက်ခွာခဲ့ရသည့်အတွက် ဤညွှန်ကြားချက်လိုအပ်လာခဲ့သည်ဟု နီဘိုနိုက ပြောသည်။

နိုင်ဂျီးရီးယားနိုင်ငံ ကမ္ဘာ့ဖလားစည်းရုံးရေးကော်မတီ၏ ငွေစာရင်းကို စစ်ဆေးရန် သမ္မတဂျိုနသန်က အမိန့်ထုတ်ပြန်လိုက်ပြီး မသမာမှုများတွင် တာဝန်ရှိသူမည်သူ့ကိုမဆို အရေးယူအပြစ်ပေးမည်ဟု ဆိုသည်။

ကမ္ဘာ့ဖလားစည်းရုံးရေးအဖွဲ့ဝင်များ၊ ဘောလုံးသမားများနှင့် နည်းပြဆရာများအတွက် အစိုးရက နိုင်ဂျီးရီးယားငွေ နိုင်ရာ ၂ ဒသမ ၅ ဘီလီယံ(ဒေါ်လာ ၁၇ သန်း) လျာထားခဲ့ကြောင်း၊ ယင်းပမာဏသည် သာမန်လူတစ်ဦးအနေဖြင့် တစ်ရက်လျှင် နှစ်ဒေါ်လာအောက်သာဝင်ငွေရှိသော နိုင်ငံအနေဖြင့် အလွန်များပြားကြောင်း သမ္မတနှင့် နီးစပ်သော အသိုင်းအဝိုင်းမှ ပြောကြားသည်။

အမ်အန်အေ၊ရိုက်တာ။

နိုင်ငံတကာသတင်းများ

ထောက်ပံ့ရေးသင်္ဘောများမှ အကူအညီများ ဂါဇာကမ်းမြောင်သို့ ရောက်ရှိ

ဂါဇာစီးတီး ဇူလိုင် ၂

အစ္စရေးတို့ ပိတ်ဆို့ထားသော ဂါဇာသို့ သွားရောက်ရန်ကြိုးစားသည့် သင်္ဘောအုပ်စုကို အစ္စရေးကွန်မန်ဒိုများက စီးနင်းတိုက်ခိုက်၍ တူရကီကိုးဦးသေဆုံးပြီးနောက်တစ်လအကြာ ၎င်းသင်္ဘောများ၌ ပါလာသော အကူအညီပစ္စည်းများသည် ကုန်းလမ်းမှတစ်ဆင့် ဂါဇာဒေသသို့ စတင်ရောက်ရှိပြီဖြစ်သည်။

စီစဉ်ဆဲဖြစ်

ရာပေါင်းများစွာသော ဘီးတပ်လှည်းများ၊ ဆေးရုံသုံးခုတင်များ၊ ဆေးဝါးများ၊ ချိုင်းထောက်များ၊ ခွဲစိတ်ခန်းသုံး ကိရိယာများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ စားသောက်ကုန်များနှင့် အဝတ်အထည်များမှာ ပေးပို့ရန်စီစဉ်နေဆဲဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို) မှကျန်းမာရေးအရာရှိ မာမွတ်ဒါဟာက ပြောကြားသည်။

ဟားမားစ်အာဏာပိုင်များ၊ အစ္စရေးစစ်ဘက်မှတာဝန်ရှိသူများနှင့် နိုင်ငံတကာ အကူအညီပေးရေးအဖွဲ့များမှ ပုဂ္ဂိုလ်များ ဆွေးနွေးညှိနှိုင်းနေစဉ် အဆိုပါ ကုန်ပစ္စည်းများသည် အစ္စရေးတို့လက်၌ ရက်ပေါင်းများစွာရှိနေခဲ့သည်။

ဆန္ဒရှိ

အစ္စရေးတို့က ဟားမားစ်တို့ လက်နက်အဖြစ်မလုပ်နိုင်သော ပစ္စည်းများကိုသာ ပေးပို့ရန် ဆန္ဒရှိသည့်အပြင် ဟားမားစ်အဖွဲ့နှင့် ရင်းနှီးစွာဆက်ဆံသော တူရကီ အစ္စလာမ့်စ်ကူညီရေးအဖွဲ့က ပစ္စည်းများ ဖြန့်ဝေမည်ကိုလည်း အလိုမရှိပေ။ ဟားမားစ်အဖွဲ့ကလည်း အထောက်အပံ့ပစ္စည်း အားလုံးရမှသာယူမည်။ သို့မဟုတ်ပါက လုံးဝမယူဟုပြောသည်။ အဆိုပါ တူရကီကူညီရေးအဖွဲ့မှာ ဂါဇာထောက်ပံ့ရေး သင်္ဘောအုပ်စု ခရီးစဉ်ကို ဦးဆောင်စီစဉ်သူဖြစ်သည်။

ဆွေးနွေးပွဲအဆုံး၌ ကုလသမဂ္ဂက ကုန်ပစ္စည်းများကို ဂါဇာဒေသသို့ ဖြန့်ဝေရန် သဘောတူညီခဲ့သည်။ ယင်းအစီအစဉ်ကို တူရကီအစ္စလာမ့်စ် ကူညီရေးအဖွဲ့မှတစ်ပါး ကျန်အဖွဲ့များအားလုံးက ခြွင်းချက်မရှိလက်ခံခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ။

၁၁ ဦးမြောက် ရုရှားသူလျှိုကို လျှို့ဝှက်ထိန်းသိမ်းထားသည်ဆိုမှု ဆိုက်ပရပ်စ်နိုင်ငံဆိုင်ရာ အမေရိကန်သံရုံး ပယ်ချ

နီကိုရှား (ဆိုက်ပရပ်စ်) ဇူလိုင် ၂

ထွက်ပြေးလွတ်မြောက်ခဲ့သော ရုရှားသူလျှိုဆိုသူကို သံရုံးအတွင်း ဖမ်းဆီးထိန်းသိမ်းထားသော သတင်းများကို ဆိုက်ပရပ်စ်နိုင်ငံဆိုင်ရာ အမေရိကန်သံရုံးက ငြင်းဆိုခဲ့ကြောင်း သောကြာနေ့ သတင်းများတွင် ဖော်ပြသည်။

သို့ရာတွင် အမေရိကန်ပြည်ထောင်စုသည် ရုရှားသူလျှိုတရားခံပြေးဟုဆိုသူ ခရစ္စတိုဖာမက်ဆော့ကို ရှာဖွေစုံစမ်းရာတွင် ပါဝင်ကူညီဆောင်ရွက်နေကြောင်း သံရုံးပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ကိုယ်ယောင်ဖျောက်

အမေရိကန်နိုင်ငံတွင်းရှိ ရုရှားသူလျှိုကွန်ရက်ကို ဘဏ္ဍာရေးအရ ထောက်ပံ့ပေးနေသူဟု စွပ်စွဲခံထားရသော ခရစ္စတိုဖာမက်ဆော့သည် ဆိုက်ပရပ်စ်ရဲတပ်ဖွဲ့က အာမခံဖြင့် လွှတ်ပေးခဲ့ပြီးနောက် ဗုဒ္ဓဟူးနေ့တွင် ကိုယ်ယောင်ဖျောက်သွားခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အလိုရှိ

အမေရိကန်ပြည်တွင်း၌ ပုံဖျက်မြုပ်နှံထားသော ရုရှားသူလျှိုကွန်ရက်ကို ဘဏ္ဍာရေးအရ ထောက်ပံ့ခဲ့ကြောင်း စွဲချက်ဖြင့် ခရစ္စတိုဖာမက်ဆော့ကို အမေရိကန်နိုင်ငံက အလိုရှိနေသည်။

အင်တာနက်။



အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ကန်ဒုဇ်ပြည်နယ်၌ ဇူလိုင် ၂ ရက်က စစ်သွေးကြွများ၏ တိုက်ခိုက်မှုခံခဲ့ရသော အမေရိကန်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအေဂျင်စီရုံးကို တွေ့ရစဉ်။ *(တိုက်ပွဲအတွင်း အနည်းဆုံး လူလေးဦးသေဆုံးခဲ့ပြီး အများအပြား ဒဏ်ရာရရှိခဲ့သည်။)*

(ဓာတ်ပုံ-အင်တာနက်)

ဇူလိုင် ၁ ရက်က ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ Self Defence Forces Day of Japan ညစာခံပွဲအခမ်းအနားသို့ တက်ရောက်လာရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Yasuaki Nogawa ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်တိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ဝန်ကြီး ဦးလွန်းသီ ရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်တိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး တက်ရောက်အမှာစကား ပြောကြား

နေပြည်တော် ဇူလိုင် ၂

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ရေနံနှင့် သဘာဝဓာတ်ငွေ့အထွက်တိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ (၁)၌ ကျင်းပရာ ဝန်ကြီး ဦးလွန်းသီ တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေး၊ စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးများ၊ ရေနံမြေအထွေထွေမန်နေဂျာများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဝန်ကြီးက အမှာစကားပြောကြားရာ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် တစိုက်မတ်မတ် အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်သကဲ့သို့ တစ်ဖက်မှလည်း နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ ဝန်ထမ်းများ၏ အရည်အသွေးပိုမိုတိုးတက်မြင့်မားလာအောင် အစဉ်တစိုက် လေ့ကျင့်ပျိုးထောင်ပေးသွားကြရန် လိုအပ်ကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုမိုတိုးတက်ရှာဖွေထုတ်လုပ်နိုင်ရန် ခေတ်မီနည်းစနစ်များအသုံးပြု၍ ရှာဖွေတူးဖော်ထုတ်လုပ်နိုင်ရေးအတွက် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ရေနံမြေအထွေထွေမန်နေဂျာများက ရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်တိုးရေးအတွက် စီမံဆောင်ရွက်ထားရှိမှု အခြေနေများနှင့် နည်းပညာအသစ်များအသုံးပြု၍ ရေနံတိုးတက်ရှာဖွေတူးဖော်နိုင်မည့် နည်းလမ်းများကို ရှင်းလင်းတင်ပြကြရာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး၊ စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယဝန်ကြီး ဦးသန်းဌေးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ ရေနံရှာဖွေရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာ ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် ဂေါက်သီးလက်ရည်စစ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ကကြီးမှူး၍ နိုင်ငံတကာ ဂေါက်သီးရိုက်ပြိုင်ပွဲများသို့ နိုင်ငံကိုယ်စားပြုဂေါက်သီးရိုက် အသင်းများ ဖွဲ့စည်း၍ သွားရောက်ယှဉ်ပြိုင်ရန် ဂေါက်သီးလက်ရည်စစ်ပြိုင်ပွဲကို ဇူလိုင် ၁၃ ရက်မှ ၁၅ ရက်အထိ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ လက်ရည်စစ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲအမျိုးအစားအနက် အမျိုးသား (က) တန်းပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် စက်တင်ဘာ ၂၇ ရက်တွင် အသက် (၁၈)နှစ်ထက် မကြီးကြသူများနှင့် အမျိုးသား(ခ)တန်းပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် စက်တင်ဘာ ၂၇ ရက်တွင် အသက်(၁၇)နှစ်ထက် မကြီးကြသူများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ ပြိုင်ပွဲတွင် လက်ရည်မီပါက အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားမည်ဖြစ်ပြီး အသက်မှန်ကန်ကြောင်း အထောက်အထားအတွက် ပုံစံ(၁၀)၊ အမျိုးသားမှတ်ပုံတင်နှင့် မွေးစာရင်းကို တင်ပြနိုင်ရမည်ဖြစ်သည်။

လက်ရည်စစ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် ဇူလိုင် ၁၁ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ Han Events Management Dept. မြန်မာဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်း ဖုန်း-၀၉-၂၀၃၇၆၇၁ နှင့် ၀၁-၆၅၁၃၇၄ တို့သို့ အမည်စာရင်း ပေးသွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပဉ္စမအကြိမ် စာပေညီလာခံ အတွေ့အကြုံရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂

လှိုင်သာယာမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ပဉ္စမအကြိမ် စာပေညီလာခံ အတွေ့အကြုံရှင်းလင်းပွဲကို ဇွန် ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် အမှတ် (၁၉) ရပ်ကွက်ရှိ သီရိမင်္ဂလာအုန်းတော ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ဒုတိယဥက္ကဋ္ဌ ဆန်းဝင်း (အောင်မြေ) က အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် ညီလာခံကိုယ်စားလှယ်များဖြစ်ကြသော မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်ဝေတိုး (မြတ်ဝေတိုး ပညာရေးတက္ကသိုလ်) နှင့် အတွင်းရေးမှူး ဦးတင်ဌေး (ကိုမာတိ-ပန်းတောကြီး) တို့က ညီလာခံအတွေ့အကြုံများကို ရှင်းလင်းတင်ပြကြပြီး ရှေ့လုပ်ငန်းစဉ်များကို အကြံပြုဆွေးနွေးကြသည်။

(မြို့နယ်စာပေနှင့် စာနယ်ဇင်း)

မိုးညိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွက် မိုးညို-ဖဲကြီးလမ်း ဂဝံခင်းခြင်းလုပ်ငန်းကို ဇွန် ၅ ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးအောင်မိုးသိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိန်လှအောင်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

အခြေခံပညာအလယ်တန်းကျောင်းခွဲ ဖွင့်လှစ်

ကျောက်ထု ဇူလိုင် ၂

ဂန့်ဂေါခရိုင် ဆောမြို့နယ် ကျောက်ထုမြို့ တေးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲဖွင့်ပွဲကို ဇွန် ၂၅ ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ဆောမြို့နယ်ဥက္ကဋ္ဌ ဦးညွန့်ဟန်နှင့် မြို့နယ်ပညာရေးမှူး ဦးစိုးမြင့်မောင်တို့ အမှာစကားပြောကြားပြီး ကျောက်ထုမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးထွန်းသိန်းအောင်က ပညာရေးကဏ္ဍနှင့် ပတ်သက်သည်တို့ကို ရှင်းလင်းသည်။

ဖဲကြိုးဖြတ် ဖွင့်လှစ်

ထို့နောက် ကျောက်ထုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်လင်းနှင့် မြို့နယ်ပညာရေးမှူး ဦးစိုးမြင့်မောင်တို့က တေးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ (၄၆၅)

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့အတွင်း သွားလာလျက်ရှိသည့် အချို့မော်တော်ယာဉ်များသည် ယာယီနံပါတ် အမျိုးမျိုးအား တပ်ဆင်သွားလာလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထိုသို့သွားလာလျက်ရှိရာတွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ်ပေးထားသည့် စက်မှုဇုန်ထုတ် ယာယီနံပါတ်ခွင့်ပြုကာလ နှစ်လ၊ လေလံနံပါတ် ခွင့်ပြုကာလ သုံးလကိုသာ တပ်ဆင်၍ စည်းကမ်းသတ်မှတ်ချက်နှင့်အညီ သွားလာကြရန်နှင့် သတ်မှတ်ထုတ်ပေးထားခြင်းမရှိသော ယာယီနံပါတ်များ တပ်ဆင်မောင်းနှင်နေခြင်းအား စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း
ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

တိုင်းရင်းစုံညီပျှိုမဒီ တီထွင်ဆင်သ ရိုးရာအလှ

ခင်ဦး

နောက်. . . တစ်ခါလာပြန်ပြီဟေ့. . . ဟေ. . . ဟေ. . . ဝါး၊ နားပန်းဆံသီချင်းကို အားလုံးကြားဖူးကြမှာပါ။ မြိုင်မြိုင်ဆိုင်ဆိုင် ခွန်အားပါပါဆိုထားသည့် နားပန်းဆံသီချင်းထဲကလိုပါပဲ နောက်. . . တစ်ခါ လာကြပြန်ပါပြီ။

ကျွန်မတို့ အမျိုးသမီးရေးရာအဖွဲ့ဝင်များသာမက မြန်မာအမျိုးသမီးထုတစ်ရပ်လုံး အလေးထားအမြတ်တနိုးရှိကြရသည့် မြန်မာအမျိုးသမီးများနေ့ကို ရောက်ရှိလာပြီဖြစ်ပါသည်။ နှစ်စဉ် ဇူလိုင်လ ၃ ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့ဟု ၁၉၉၆ ခုနှစ်ကတည်းက သတ်မှတ်၍ အထိမ်းအမှတ်ပွဲမျိုးစုံကို ကျင်းပလေ့ရှိကြပါသည်။

ပညာရေးဝန်ကြီးဌာနကထုတ်ဝေသည့် ပထမတန်း မြန်မာဖတ်စာက "တို့နိုင်ငံမိသားစု"ဆိုသည့် သရုပ်ဖော်ပုံလေးကို အလွန်ပဲနှစ်ခြိုက်မိပါသည်။ ကျွန်မတို့ငယ်ငယ်က မြန်မာပြည်၏မြေပုံကို အိမ်မြှောင်လေးနှင့် တူသည်။ မကိုင်မိုဆောင်းထားသည့် နတ်သမီးပုံလေးနှင့် တူသည်ဟု အမျိုးမျိုးမှည့်ခေါ်ခဲ့ကြပါသည်။ ဖတ်စာထဲက "တို့နိုင်ငံမိသားစု"မှာ ခေါင်းတစ်လုံး၊ လက်နှစ်ဖက်၊ ခြေထောက်လေး တစ်ချောင်းဖြင့် ရပ်လျက်အချိုးအစားကျနလှသော မြန်မာပြည်မြေပုံကို တွေ့ကြရမည်ဖြစ်ပါသည်။ အမိမြန်မာပြည်၏ မြစ်ကြီးလေးစင်းဖြစ်သော ဧရာဝတီ၊ သံလွင်၊ ချင်းတွင်း၊ စစ်တောင်းသည် လူတစ်ယောက်၌ မြင်တွေ့ကြရသည့် သွေးကြောလေးများသဖွယ် ဖြစ်ပါသည်။

ကျွန်မတို့နိုင်ငံမိသားစုဝင်များ၏ ပုံသဏ္ဍာန်နှင့် တည်ရှိရာနေရာ ဖော်ပြမှုသည်လည်း စိတ်ဝင်စားစရာကောင်းလှပါ၏။ နိုင်ငံ၏ ဟိုးမြောက်ဘက်ဦးခေါင်းပိုင်းရှိ မေခနှင့် မလိခ စတင်စီးဆင်းရာနေရာတွင် ကချင်လူမျိုးများ နေထိုင်ကြပါသည်။ အနောက်မြောက်ဘက်ကိုကြည့်လိုက်လျှင် ချင်းလူမျိုးများရှိသည်။ ဟော-အရှေ့ဘက်တည့်တည့် သံလွင်မြစ်၏အနောက်ခြမ်းနှင့် အရှေ့ခြမ်းတွင် ရှမ်းမျိုးနွယ်စုများ တစုတဝေးတည်းနေထိုင်ကြပါသည်။ ရှမ်းတောင်တန်းများနှင့် တစ်ဆက်တည်း အရှေ့တောင်ဘက်တွင် ကယားလူမျိုးများရှိပါသည်။ အနောက်ဘက်ပင်လယ်နား၌ နေကြသူများမှာ ရခိုင်လူမျိုးများဖြစ်ပါသည်။ တောင်ဘက်တည့်တည့်ကိုဆက်ထွက်လိုက်မည်ဆိုလျှင် ဗမာလူမျိုးများကို အနှံ့အပြားတွေ့ရမှာဖြစ်ပါသည်။ အမိနိုင်ငံ၏ ခြေထောက်ကလေးနေရာ အရှေ့တောင်ဘက်တွင် သားချင်းများဖြစ်ကြသည့် ကရင်နှင့် မွန်များ နေထိုင်ပါသည်။ "တို့နိုင်ငံမိသားစု"လို့ အမည်တပ်ထားသော အိမ်ကြီးတွင် အိမ်ဦးခန်းမှအစပြု၍ အိမ်နေရာအနှံ့အပြား၌ သားချင်းများ အတူတကွပျော်ရွှင်စွာ ပူးပေါင်းနေထိုင်လျက်ရှိကြပါသည်။

သူများ၏ယဉ်ကျေးမှုကို မိမိယဉ်ကျေးမှုကဲ့သို့ လက်ခံကျင့်သုံးပါက မိမိကိုယ်တိုင်းဖြင့် ချုပ်ထားသည့်အင်္ကျီ မဟုတ်ဘဲ အခြားသူ၏အင်္ကျီကို အငှားဝတ်ဆင်ထားသကဲ့သို့ အချိုးကျလှပမှာ မဟုတ်ဆိုသည်ကို နားလည်လက်ခံကြရမည်ဖြစ်ပါသည်။ ဤသို့ နားလည်လက်ခံနိုင်ရန် မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ရိုးရာမပျက် သိမ်မွေ့သည့် ဆင်ယင်ထုံးဖွဲ့မှုများကို အမြဲတမ်း လှုံ့ဆော်စည်းရုံးနေသည့် အဖွဲ့အစည်းမှာ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ပင်ဖြစ်ပါသည်။

ကျွန်မတို့ ပြည်ထောင်စုမြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံပေါင်း နှစ်ရာကျော်ရှိသည့်အနက် အာရှတိုက်၏အရှေ့တောင်ဘက်မှာ တည်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့်တိုင်းရင်းသားများချစ်ကြည်ရင်းနှီးစွာ စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံဖြစ်ပါသည်။

တိုင်းရင်းသားမျိုးနွယ်စုတိုင်းတွင် ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စကားများရှိကြသည့်အပြင် အမူအကျင့်၊ ဓလေ့ထုံးစံ၊ ယုံကြည်မှု၊ ဘာသာစကား၊ အနုပညာ၊ ရိုးရာဝတ်စား ဆင်ယင်မှု၊ နေထိုင်စားသောက်မှု၊ ရိုးရာပွဲတော်များရှိကြပါသည်။ ရေမြေတောတောင် သဘာဝရာသီဥတုများကြောင့်လည်းကောင်း၊ တောင်ပေါ်ဒေသနှင့် မြေပြန့်ဒေသ၊ ကမ်းရိုးတန်းနှင့်ကျွန်းများမှာ နေထိုင်ကြသည့်အတွက် ကြောင့်လည်းကောင်း၊ မျိုးနွယ်စု တစ်စုနှင့်တစ်စု ဝတ်စားပုံ၊ နေထိုင်ပုံတွေ ကွဲပြားသွားကြသော်လည်း အားလုံးသည် မြန်မာလူမျိုးများသာ ဖြစ်ကြပါသည်။

မည်သို့ပင် ကွဲပြားစေကာမူ လူမျိုးအလိုက် ရိုးရာဓလေ့ထုံးစံနှင့်အညီ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများမှာ အမြဲတမ်းရှိနေမည်သာဖြစ်သည်။ တိမ်ကောပပျောက်မှုမရှိစေရေးအတွက် မျိုးဆက်သစ်လူငယ်လူရွယ်တိုင်း လက်ဆင့်ကမ်း အမြတ်တနိုး ထိန်းသိမ်းသယ်ဆောင်ကြရမည်မှာ အမျိုးသားရေး တာဝန်တစ်ရပ်ပင်ဖြစ်ပါသည်။ လူမှာအမျိုး၊ ကြက်မှာအရိုးဟူသော ဆိုရိုးစကားအတိုင်း မိမိလူမျိုး၏ အစဉ်အဆက်ထိန်းသိမ်းခဲ့သော ကိုယ်ပိုင်ယဉ်ကျေးမှုများ၊ မိမိတို့လက်ထဲရောက်မှ ငုပ်လျှိုးပျောက်ကွယ်သွားမည်ဆိုလျှင် သမိုင်းကြောင်းတွင် အမည်းစက်ဖြင့် ကျန်ရှိနေမည်သာဖြစ်သည်။ အထူးသဖြင့် မြန်မာအမျိုးသမီးများသည် ထဘီနှင့် အင်္ကျီကို အရင်းခံဝတ်ဆင်ကြသူများဆိုသည့်ပုံရိပ်ကို ကမ္ဘာက လက်ခံထားကြပါသည်။ ခေတ်ရေစီးကြောင်းအလိုက် လှပသိမ်မွေ့စွာဝတ်စားဆင်ယင်မှုများကို အပြစ်မပြောလိုသော်လည်း မြန်မာ့မှု၊ မြန်မာ့ဟန်၊ မြန်မာ့စရိုက်နှင့် ကိုက်ညီဆီလျော်အောင်၊ တိုင်းတစ်ပါးယဉ်ကျေးမှုများ မျက်လုံးစုံမှိတ်ပြီး ပုံတူကူးချခြင်းမျိုးမဖြစ်အောင် ယဉ်ယဉ်ကျေးကျေး ဝတ်ဆင်ကြရန်လိုအပ်မည်ဖြစ်ပါသည်။

သူများ၏ယဉ်ကျေးမှုကို မိမိယဉ်ကျေးမှုကဲ့သို့ လက်ခံကျင့်သုံးပါက မိမိကိုယ်တိုင်းဖြင့် ချုပ်ထားသည့် အင်္ကျီမဟုတ်ဘဲ အခြားသူ၏အင်္ကျီကို အငှားဝတ်ဆင်ထားသကဲ့သို့ အချိုးကျလှပမှာ မဟုတ်ဆိုသည်ကို နားလည် လက်ခံကြရမည်ဖြစ်ပါသည်။ ဤသို့ နားလည်လက်ခံနိုင်ရန် မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ရိုးရာမပျက်သိမ်မွေ့သည့် ဆင်ယင်ထုံးဖွဲ့မှုများကို အမြဲတမ်း လှုံ့ဆော်စည်းရုံးနေသည့် အဖွဲ့အစည်းမှာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ပင် ဖြစ်ပါသည်။

နှစ်စဉ် မြန်မာအမျိုးသမီးများနေ့ ဇူလိုင်လ ၃ ရက်နေ့ရောက်တိုင်း အထိမ်းအမှတ်ပွဲအဖြစ် ဝတ်စားဆင်ယင် ထုံးဖွဲ့မှုပြပွဲကို စီစဉ်ပြသခဲ့ကြသည်မှာ ယခု ၂၀၁၀ ခုနှစ်တွင် ပြသမည့်အကြိမ်နှင့်ဆိုလျှင် (၇)ကြိမ်ရှိပြီဖြစ်ပါသည်။ အကြိမ်တိုင်း အကြိမ်တိုင်း ရိုးရာဓလေ့ထုံးမပျက်ဆင်ယင်ထုံးဖွဲ့မှုကို အခြေခံ၍ လူမျိုးအလိုက် ဆင်ယင်ထုံးဖွဲ့မှု၊ ခေတ်အဆက်ဆက်အချိန်ကာလအလိုက်ဆင်ယင်ထုံးဖွဲ့မှု၊ မြန်မာလရာသီပွဲတော်များအလိုက် ဆင်ယင်ထုံးဖွဲ့မှု၊ အသက်အရွယ်အလိုက် ဆင်ယင်ထုံးဖွဲ့မှု စသည်ဖြင့် မျိုးဆက်သစ်သမီးငယ်များအတုယူ အားကျဝတ်ဆင်လာအောင်၊ တစ်နှစ်ထက်တစ်နှစ် အမြင်မရိုးအောင် အသွင်အမျိုးမျိုးဖြင့် စိတ်ကူးပုံဖော်ပြသခဲ့ကြပါသည်။ ယခုနှစ်တွင်တော့ "တိုင်းရင်းစုံညီပျှိုမဒီ၊ တီထွင်ဆင်သရိုးရာအလှ"ဆိုသည့် ခေါင်းစဉ်ကို အခြေခံပြီး ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားလူမျိုးကြီးများအလိုက် ၎င်းတို့ဒေသထွက် ချည်ထည်၊ ပိုးထည်များကို ဝတ်ဆင်ပြသခဲ့ကြပါသည်။ချည်ထည်၊ ပိုးထည်၊ တိုင်းရင်းဖြစ်အထည်များဖြင့် လှပစွာ တီထွင်ပုံဖော်ပေးခဲ့သည့် ဒီဇိုင်နာများမှာ ပြည်စိုးအောင်၊ မပုံ့၊ DoZo၊ ဆန်းဘောက်ရာ၊ ဂျိုကာတို့ဖြစ်ကြပြီး နာမည်ကျော် ရုပ်ရှင်သရုပ်ဆောင်များနှင့် ဂျွန်လွင်ဦးစီးသည့် Stars and models agency မှ မော်ဒယ်လေးများက ပါဝင်သရုပ်ဖော်တင်ဆက်ပေးခဲ့ကြပါသည်။ တေးဂီတဖျော်ဖြေတင်ဆက်မှုကို နောင်နောင် (Sun Flower)၏ ပံ့ပိုးကူညီမှုဖြင့် Cobra-H တေးဂီတအဖွဲ့မှ နာမည်ကျော်အဆိုတော်များက ဝိုင်းဝန်းအားဖြည့်ပေးခဲ့ကြပါသည်။ အမျိုးသမီးငယ်များ အလှအပ ခြယ်မှုန်းမှုအတွက် တာဝန်ယူပေးခဲ့သူမှာ မိတ်ကပ်ခင်စန်းဝင်းနှင့်အဖွဲ့ ဖြစ်ပါ၏။ ထို့အပြင် ရှေ့ပွဲလာဧည့်ပရိသတ်များ အပျင်းတော်ပြေစေရန် လူရွှင်တော် Five stars အဖွဲ့နှင့်အတူ ဝက်မတို့က ဟာဒယရွှင်ဆေးတိုက်ကျွေးခဲ့ကြပါသည်။ အထူးသဖြင့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ဆရာ ကေတုဝင်းထွန်းစပ်ဆိုထားသည့် "မြတ်မျိုးမြင့်မှန်မြန်မာမြေ" သီချင်းကို အဆိုတော် ယဉ်ဝေယံထွန်းက မြိုင်မြိုင်ဆိုင်ဆိုင် သီဆိုဖျော်ဖြေပေးခဲ့ပါသည်။ ဒို့တာဝန်အရေး(၃)ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးဟူသည့် အဓိကအချက်ကို အခြေခံပြီး အမိမြန်မာပြည်အိမ်ကြီးအတွင်းမှာရှိသည့် တိုင်းရင်းသားတို့နေထိုင်ကြသည့် ရေမြေသဘာဝအလှအပများ၊ ဓလေ့ထုံးစံရိုးရာပွဲများ၊ လက်မှုအနုပညာများ၊ အကအလှများ၏ ပုံရိပ်များနှင့်အတူ အစီအစဉ်ကျနစွာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ညီအစ်မများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့ကြသည့် ပုံဖော်တင်ဆက်မှုများကို ၂၀၁၀ ခုနှစ် ဇွန်လ ၂၄ ရက်နေ့က ရန်ကုန်မြို့ရှိ အမျိုးသားဇာတ်ရုံ၌ ကြည့်ရှုခံစားခဲ့ကြသူများ အားလုံး စိတ်ကျေနပ်ကြလိမ့်မည်ဟု ယုံကြည်မိပါသည်။ ။

မြန်မာအမျိုးသမီးများ

- ထူးခြားဂုဏ်အင်၊ ရိုးရာစဉ်လာ
ဘာသာတရား၊ ဦးထိပ်ထား၍
ဘိုးဘွားမိဘ၊ ရိုသေကြကာ
မြတ်လုဆရာ၊ လေးစားစွာဖြင့်
ဂါရဝပြု၊ ယဉ်ကျေးမှုကို
အတုမြင်ကြ၊ ရွယ်အစဝင်
ငယ်ကပင်သီ၊ ရင်စွဲငြီကာ
ဇာတိဂုဏ်မြင့်၊ မျိုးဂုဏ်တင့်၍
ဂုဏ်ဖြင့်ဝင့်ကြွား၊ မြန်မာအမျိုးသမီးများ ...
- ဘဝထဲဝင်၊ အိမ်ထောင်ရှင်သည်
မိခင်စိတ်များ၊ လွန်မြင့်မား၍
သားကိုချစ်ခင်၊ အမွှမ်းတင်ကာ
ခင်ပွန်းလင်အား၊ အလေးထား၍
မယားပီပြင်၊ ကိုယ့်အရှင်ကို
အကြင်နာထား၊ ဝတ္တရားကျေ
လေးစားစေရာ၊ ကိုယ့်ဝန်တာကို
စဉ်လာမမေ့၊ ထုံးဓလေ့နှင့်
မရွေ့သစ္စာ၊ မြဲခိုင်မာသည်
မေတ္တာစိတ်ထား၊ မြန်မာအမျိုးသမီးများ ... ။ ။

နန်းမွန်ဟိန်း

ဂုဏ်မြင့်သူ

- မေမြန်မာ ကလျာထု
ကြည်သာစု ထွေထွေ
ညီညာမှု တုပဆွေ
ဥမသွေ ထင်ရှား။
- ဦးတည်ချက်(၇)ရပ် အညီ
မလပ်ပြီ ဖြန့်ကြက်လုပ်အား။
- (၃)ရက်နေ့ လဇူလိုင်
ချမှုပိုင် ဝင့်ကြွား။
- လှတူပြိုင် စွင့်ကားလို့
မြင့်မားခဲ့ စွမ်းရည်။
- ရှေးစဉ်လာ သွေမပစ်ပြီဘု
မွေအနှစ် ထိန်းကြလီလီ။
- စိမ်းကြည်လဲ့ စခန်းဝေစီ
လှမ်းလေပြီ မျိုးမာန်အားနဲ့
တိုးစံထား မြဲပရည်တူ။
- နွဲကြ ကြည်ဖြူ။
- မြန်မာအမျိုးသမီး ညွှန့်တလူလူ
ဂုဏ်မြင့်သူ အမှန်ပလေး ။ ။

ဝင်းမြဲအေး

ပြန်ကြားရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ဝန်ကြီး ဦးကျော်ဆန်း အထိမ်းအမှတ်သစ်ပင်စိုက်ပျိုး ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှု ကြည့်ရှုအားပေး

နေပြည်တော် ဇူလိုင် ၂

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပသည့် ဝန်ကြီးရုံးနှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ အထိမ်းအမှတ်သစ်ပင်ကို စိုက်ပျိုးပေးပြီး ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဦးကျော်ဆန်းက ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် သတ်မှတ်နေရာ၌ သရက်ပင်ကို စိုက်ပျိုးပေးသည်။

ကြည့်ရှုအားပေး

ထို့နောက် ဝန်ကြီး ဦးကျော်ဆန်းသည် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဝန်ထမ်းများ၏ သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

အလားတူ နေပြည်တော်တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း နေပြည်တော်ပုံနှိပ်စက်ရုံနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်သတင်းစာတိုက်တို့၌ ၂၀၁၀ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများကို အသီးသီးကျင်းပကြရာ ဝန်ထမ်းများ စုပေါင်း၍ သစ်ပင်များကို စိုက်ပျိုးပေးကြသည်။

ယနေ့ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် သရက်နှင့် နှစ်ရှည်စားပင်သီးပင်၊ အရိပ်ရလေကာပင်များ စိုက်ပျိုးကြရာ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းအသီးသီးမှ သရက် ၁၀၆၅ ပင်နှင့် နှစ်ရှည်စားပင်သီးပင်၊ အရိပ်ရလေကာပင် ၇၆၁ ပင် စုစုပေါင်း ၁၈၂၆ ပင် စိုက်ပျိုးကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် သရက်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ယခုနှစ် မိုးရာသီတွင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် စီမံချက်ချစိုက်ပျိုးလျက်ရှိရာ ယနေ့အထိ သရက် ၃၁၆၅ ပင်၊ နှစ်ရှည်စားပင်သီးပင်၊ အရိပ်ရလေကာပင် ၂၁၇၈၀ စုစုပေါင်း ၂၄၉၄၅ ပင် စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် လာမည့်အပတ်များတွင်လည်း ဌာနအလိုက် ထပ်မံစိုက်ပျိုးသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃-၇-၂၀၁၀ (စနေနေ့) (၁၃၇၂ ခုနှစ်၊ ပထမဝါဆို လပြည့်ကျော် (၇)ရက် (အဖိတ်နေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ ကဗျာပန်းဥယျာဉ်
- ၈း၁၀ ၇။ အကပြိုင်ပွဲ
- ၈း၁၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈း၂၅ ၉။ "စွမ်းအားပြည့်ထုတ်လုပ်ထားပလတ်စတစ် ထုတ်ကုန်များ"
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ "အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ"
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁း၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
- ၁၂း၁၀ ၅။ Yan Can Cook
- ၁၂း၃၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ" (အပိုင်း-၂၁)**
- ၁း၃၅ ၇။ **မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုဇာတ်လမ်း "အိပ်မက်ထဲကကောင်းကင်" (မေကဗျာ၊ ချစ်စနိုးဦး၊ ပွင့်နဒီမောင်၊ တင့်တင့်ထွန်း၊ စိုးမြတ်နန္ဒာ၊ ဝိုင်းစုခိုင်သိန်း၊ နန္ဒ၊ သားညီ) (ဒါရိုက်တာ-ညိုမင်းလွင်)**
- ၂း၄၀ ၈။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
- ၂း၅၀ ၉။ International News
- ၃း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၄း၂၀ ၃။ တေးဂီတအစီအစဉ်
- ၄း၃၅ ၄။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်သံစုံတီးဝိုင်းဖျော်ဖြေတင်ဆက်မှုအစီအစဉ် (ပြည်သူ့အတွက်မြန်မာ့အသံ)
- ၄း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(စီးပွားရေးပညာ အထူးပြု) (စီးပွားရေးပညာ)
- ၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ ၇။ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့တေးများ
- ၅း၁၅ ၈။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
- ၅း၃၀ ၉။ ကမ္ဘာ့ဖလားပုံရိပ်များ (အပိုင်း-၉)
- ၅း၄၀ ၁၀။ Football Planet (၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပွဲကြိုသုံးသပ်ချက်)
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ အလှရှာမယ်လှကမ္ဘာဝယ်
- ၆း၃၅ ၁၄။ ယဉ်တစ်ကိုယ်မယ်(ဂန္ထဝင်)
- ၇း၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိတာခွင့်လွှတ်ပါ" (အပိုင်း-၁၇)**
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ စည်းလုံးတဲ့မြေ[စန္ဒရားမောင်လှအေးနှင့်အဖွဲ့၊ တေးရေး-မောင်သဲကြည်(မအူပင်)]
- ၂၀။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၃၈)**
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အရွယ်လွန်ချစ်အိပ်မက်" (အပိုင်း-၂၁)**
- ၂၂။ ဂီတတံခါးလေးဖွင့်ပါဦး
- ၂၃။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့မှ စီစဉ်တင်ဆက်သော ၂၀၁၀ ခုနှစ်၊ ဇူလိုင်လ(၃)ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်"တိုင်းရင်းစုံညီပျိုမဒီ တီထွင်ဆင်သ ရိုးရာအလှ" ဝတ်စားဆင်ယင် ထုံးဖွဲ့မှုပြပွဲ (အပိုင်း-၁)
- ၂၄။ အစီအစဉ်ပြီး၏။

News Watch (စောင့်ကြည့်) ဂျာနယ် အတွဲ(၅)၊ အမှတ်(၄၉) ထွက်ရှိ

ရန်ကုန် ဇူလိုင် ၂

ရှေးဟောင်း ဗုဒ္ဓဝင်ရုပ်တုများ ဖောက်ထွင်းအခိုးခံရ၊ မန္တလေးမြို့ ပုဂ္ဂလိက စက်သုံးဆီဆိုင်အချို့ ဝန်ထမ်းများအတွက် သီးသန့်ရောင်းချချိန်ပေးထား၊ S.S.S ကားထုတ်လုပ်ရေးမှ မော်တော်ကားများကို ဝယ်ယူလိုသူများပြား၊ ကိုရီးယားမှ နာမည်ကြီး သရုပ်ဆောင်တစ်ယောက် ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်၊ မန္တလေးဈေးချိုဆိုင်ခန်းများ အရစ်ကျငွေချေစနစ်ဖြင့် ရောင်းသော်လည်း အဝယ်မလိုက်၊ မန္တလေးကြော်ငြာဆိုင်းဘုတ်အခွန်အခများ တိုးမြင့်ဖွယ်ရှိ၊ ရခိုင်ပြည်နယ်မှာပဲ ရှားပါးလင်းပိုင်တစ်ကောင်တွေ့ရှိ၊ မင်္ဂလာဈေး မီးလောင်ပြီးနောက် ဆေးဈေးကွက်အခြေအနေ၊ နေ့တိုင်း ကံကောင်းလိုသူများအတွက် ဆရာဇင်ယော်နီပေးတဲ့ ယတြာ၊ မဟာဗန္ဓုလတံတားအဆင်းမှာ ယာဉ်တိုက်မှုဖြစ်၊ ဒဂုံ(ခေါ်) ရန်ကုန်မြို့ သမိုင်း၊ တောင်ဥက္ကလာပမြို့နယ်၌ ဆေးခြောက် ဂရမ် ၃၉၀ နီးပါးဖမ်းမိ၊ မြို့တွင်း ခြောက်မြို့နယ် ဆိုက်ကားအပါအဝင် အနေ့ယာဉ် အရေအတွက် လျှော့ချ၊ ရင်းနှီးမြှုပ်နှံသူများ အိမ်၊ ခြံ၊ မြေဘက် ခြေဦးလှည့်၊ မြန်မာဆိုသောသင်္ကေတ ပျောက်ကွယ်တော့မည်လော၊ ၁၉ ဇူလိုင် အမှတ်တရ ဗိုလ်ချုပ်လွမ်းချင်း၊ လူသားဆန်သော နှလုံးသားနှင့် မြန်မာကပ္ပတိန် စပိန်မှာ ဆုတံဆိပ်ရ၊ ဂျာနယ်ကျော်မမလေး၏ 'အမေ့'ဝတ္ထု၊ မောင်သန်းဆွေ (ထားဝယ်)၏ ဖူးစာနှစ်ခိုင်၊ ဆရာလူထုစိန်ဝင်း၏ လမ်းညွှန်စာအုပ်ရေးစေချင်၊ ဆရာမင်းသုဝဏ်၏ ကဗျာထဲက ဖိုးမောင်ပြန်လည်နိုးထ၊ ဒုတိယအကြိမ် စင်ကာပူကိုသွားခဲ့တဲ့ နေတိုး၊ အကယ်ဒမီခင်မို့မို့အေး ပြောသော အနုပညာရှင်၏ငွေကြေး၊ ဘိသိက်ပြိုင်လို ဇာတ်လမ်းများကို တောင့်တနေကြတဲ့ ပရိသတ်၊ F4 ချစ်သူ ကင်ဘမ်၊ နူပျို တက်ကြွတဲ့ UKISS အဖွဲ့၊ ရှုရှား အတွက် သူလျှိုလုပ်ပေးသူ၊ တရုတ်ပြည်တောင်ပိုင်း မြေပြိုမှု၊ ဖိလစ်ပိုင်လူထုအားထားရမည့် သမ္မတသစ်၊ ငွေကျုံ့မှုနှင့် ဖောင်းပွမှုအကြောင်း၊ ကမ္ဘာ့ဖလားတွင် ဂျာမနီအသင်း နိုင်မည်ဟောတဲ့ ရေဘဝဲ. . . စသည့် သိသင့်သိထိုက်သည့် ကမ္ဘာနှင့် မြန်မာသတင်းများနှင့်အတူ News Watch (စောင့်ကြည့်) ဂျာနယ် ထွက်လာကြောင်း သိရှိရသည်။

(သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

ရှင်းလင်းတင်ပြ

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကံ့ကော်မြိုင်ကျေးရွာ၌ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် အဝီစိတွင်းများ တူးဖော်ဆောင်ရွက်ထားရှိမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးတင့်ဇော် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောဝေ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် နည်းပညာတက္ကသိုလ်(မြိတ်) အဝင်လမ်း ကျောက်ချောခင်းနေမှုနှင့် ကွန်ပျူတာတက္ကသိုလ်(မြိတ်) တည်ဆောက်နေမှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၃၀ ရက် နံနက်ပိုင်းတွင် နည်းပညာတက္ကသိုလ်(မြိတ်)သို့ ရောက်ရှိရာ ကျောင်းဧည့်ခန်းမ၌ တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက နည်းပညာတက္ကသိုလ်(မြိတ်) အဝင်လမ်း ကျောက်ချောခင်းခြင်း၊ ရေမြောင်း၊ ပလက်ဖောင်း ပြုလုပ်ခြင်းနှင့် အဝင် ကွန်ကရစ်တံတားပြုလုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန်နှင့် တက္ကသိုလ် ပရဝဏ် စိမ်းလန်းစိုပြည်ရေးတို့ကိုလည်း အလေးထားဆောင်ရွက်ရန် မှာကြားသည်။

မှာကြား

ဆက်လက်၍ နည်းပညာတက္ကသိုလ်(မြိတ်) ကျောင်းအုပ်ကြီးက သင်ကြားမှုဆိုင်ရာများနှင့် ဝန်ထမ်းအင်အား အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က လိုအပ်သည်များကို မှာကြားပြီး နည်းပညာတက္ကသိုလ်(မြိတ်) အဝင်လမ်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကွန်ပျူတာတက္ကသိုလ်(မြိတ်) တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်းတာဝန်ခံနှင့် တာဝန်ရှိသူတို့က ပင်မ သုံးထပ်စာသင်ဆောင်သစ် ဆောက်လုပ်နေမှုအခြေအနေနှင့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို မှာကြားပြီး ပင်မ သုံးထပ်စာသင်ဆောင်သစ်ဆောက်လုပ်ရေး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် နည်းပညာတက္ကသိုလ်(မြိတ်) အဝင်လမ်း ကျောက်ချောခင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဇူလိုင် ၂

၁။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၃) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထိန်အား ယင်းဝန်ကြီးဌာန သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(က)	ဦးကျော်ဝင်း ညွှန်ကြားရေးမှူး အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
(ခ)	ဦးစိန်ဝင်း ညွှန်ကြားရေးမှူး(စီမံရေး) မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း စွမ်းအင်ဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း စွမ်းအင်ဝန်ကြီးဌာန
(ဂ)	ဦးခိုင်အောင် ဒုတိယညွှန်ကြားရေးမှူးချုပ် သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန သာသနာရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန သာသနာရေးဝန်ကြီးဌာန

ဝန်ကြီး ဦးဉာဏ်ဝင်း ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၃

၂၀၁၀ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ နီကိုလေဗစ်ချ် မာတီနော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။(သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာန e-Government အသုံးချ ကွန်ပျူတာသင်တန်း(အရာထမ်း)သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂

အလုပ်သမားဝန်ကြီးဌာန e-Government အသုံးချ ကွန်ပျူတာသင်တန်း (အရာထမ်း) အမှတ်စဉ် (၂/၂၀၁၀) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနရုံး စုဝေးခန်းမ၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အရာထမ်း/အမှုထမ်းများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားပြီး ထူးချွန်စွာအောင်မြင်ခဲ့သူ သင်တန်းသားများအား ဆုများချီးမြှင့်၍ သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်သည်။

အလုပ်သမား ဝန်ကြီးဌာနသည် ဝန်ထမ်းများ၏ အရည်အချင်းမြှင့်တင်ရေး၊ e-Government လုပ်ငန်းများကို အဆင့်တိုးမြှင့် ဆောင်ရွက်နိုင်ရေးနှင့် နည်းပညာအသုံးပြု လုပ်ငန်းခွင်အခြေအနေသို့ ပြောင်းလဲရာတွင် သတင်းအချက်အလက်များ လုံခြုံစွာ ထိန်းသိမ်းရေးအတွက် အသုံးချ ကွန်ပျူတာသင်တန်းကို ဇွန် ၇ ရက်မှ ဇူလိုင် ၂ ရက်အထိ ရက်သတ္တ လေးပတ်ကြာ အရာထမ်းများအား သီးသန့်လေ့ကျင့်ပေးခဲ့ခြင်း ဖြစ်သည်။ သင်တန်းတွင် Microsoft Office Application အပြင် e-Government & Security measures, EDMS & GPMS ဘာသာရပ်များကိုပါ သင်ကြားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် အလုပ်သမားဝန်ကြီးဌာန e-Government အသုံးချ ကွန်ပျူတာသင်တန်း(အရာထမ်း) အမှတ်စဉ်(၂/၂၀၁၀) သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အခြေခံ အမျိုးသမီးဝတ်စုံ စက်ချုပ်သင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဇူလိုင် ၂

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့က ကြီးမှူး၍ အခြေခံ အမျိုးသမီးဝတ်စုံ စက်ချုပ်သင်တန်း (၃/၂၀၁၀)ကို ဇူလိုင် ၁၅ ရက်မှစ၍ နှစ်လကြာ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ်နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ သင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်းသူ အမျိုးသမီး ၂၀ သာ လက်ခံမည်ဖြစ်သည်။ သင်တန်းကို မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းမကြီး (စံပယ်လမ်းနှင့် အောင်သပြေလမ်းကြား) တိုက်အမှတ်(ဘီ) အခန်းအမှတ်(၀၀၅) (၅)လွှာ၌ သင်ကြားမည်ဖြစ်သည်။ သင်တန်းလျှောက်လွှာများကို KSS နတ်သုဒ္ဓါ ဒံပေါက်ဆိုင် အမှတ်(၁၀၁) စက်ရုံလမ်း သာယာကုန်းရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ရယူပြီး ဇူလိုင် ၁၄ရက် နောက်ဆုံးထား၍ ပြန်လည်ပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရေနံချောင်းမြို့ အထက(၁) ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂

မကွေးတိုင်း ရေနံချောင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၀ခုနှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၂၇ ရက်တွင် အထက(၁) နဝဒေးခန်းမ၌ ကျင်းပရာ ရွှေပါရမီဆရာတော် အရှင်ဆန္ဒာဓိကက ငွေသားဆု ငွေကျပ် ၂၄၈၂၀၀၀ နှင့် အခြားအလှူရှင်များက ငွေကျပ် ၄၄၄၀၀၀ တန်ဖိုးရှိ ဆုတံဆိပ်များ ချီးမြှင့်ကြသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်သောင်းမြင့်နှင့် ကျောင်းအုပ်ဆရာကြီး ဦးစိန်မောင်ညိုတို့က အမှာစကားပြောကြားကြပြီး ဆုများကို ကျောင်းအကျိုးတော်ဆောင်များဖြစ်ကြသော ဦးမြမောင်၊ ဦးဝင်းထွန်း၊ ဒေါက်တာမောင်မောင်ညို၊ ဦးမောင်မောင်စိုး၊ ဦးကျော်လွင်နှင့် အလှူရှင် ဦးစောမာကုတို့က ပေးအပ်ကြသည်။

၂၀၀၉ - ၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၇ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၉ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၆၈ ဦးနှင့် ရိုးရိုးအောင် ၂၂၉ ဦး အောင်မြင်ကြောင်းနှင့် အောင်ချက်ရာခိုင်နှုန်း ၅၁ ဒသမ ၉၈ ရာခိုင်နှုန်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စီမံခန့်ခွဲရေးဝန်ထမ်း အဆင့်(၁) လုပ်ငန်းခွင်ဝင်သင်တန်း ဖွင့်လှစ်

နေပြည်တော် ဇူလိုင် ၂

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စီမံခန့်ခွဲရေးဝန်ထမ်း အဆင့်(၁) လုပ်ငန်းခွင်ဝင်သင်တန်းအမှတ်စဉ်(၁/၂၀၁၀) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားရာ၌ ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ ဦးစီးဌာနများ၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရ ပြည့်ဝရေးအတွက် ကျစ်လျစ်ထိရောက်သည့် ဖွဲ့စည်းမှုများ ပြုလုပ်နိုင်ရန်ရည်ရွယ်၍ စနစ်တကျ စိစစ်ရွေးချယ်ပြီး ဌာနအတွက် သွေးသစ်လောင်းသည့်အနေဖြင့် စွမ်းဆောင်မှုရှိသော ဝန်ထမ်းများ ပေါ်ထွက်လာရန် မျှော်မှန်းကာ ဤသင်တန်းကို ဖွင့်လှစ်ပို့ချရခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် တတ်စွမ်းသမျှ အစဉ်အမြဲ လေ့လာဆည်းပူးနေရန် လိုအပ်ကြောင်း၊ လုပ်ငန်းနှင့် စပ်လျဉ်း၍ မိမိဌာန၏ လုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ကိုင်ရန်နှင့် ကျွမ်းကျင်မှု ပြည့်ဝဆုံးဖြစ်စေရန် လုပ်ဆောင်နေကြရမည်ဖြစ်ကြောင်း၊ မိမိအား ပေးအပ်ထားသည့် လုပ်ငန်းလုပ်ပိုင်ခွင့်အပေါ်တွင် အခွင့်အရေးယူ၍ ပြည်သူကို အနိုင်ကျင့်ခြင်း မပြုလုပ်ရန်၊ မိမိ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်း၍ ဆောင်ရွက်သွားရန် စသည်ဖြင့် တိုက်တွန်းမှာကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းစိန်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကိုနှင့် ဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ရဲချုပ်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြနှင့် သင်တန်းသားများ တက်ရောက်ကြပြီး သင်တန်းသို့ ရုံးချုပ်၊ ပြည်နယ်နှင့် တိုင်းများမှ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန သင်တန်းသား စုစုပေါင်း ၇၅ ဦး တက်ရောက်ကြကာ သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စီမံခန့်ခွဲရေးဝန်ထမ်း အဆင့်(၁) လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ်(၁/၂၀၁၀) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့

၂၀၁၀ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

MYANMAR WOMEN'S DAY

3rd July 2010

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေး ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာအုပ်စု ကတီကျေးရွာအနီး၌ ဆောင်ရွက်လျက် ရှိသော မြစ်ငယ်(ဒုဋ္ဌဝတီ) မြစ်ဖြတ်ပိုက်လိုင်း တည်ဆောက်ရေးလုပ်ငန်းခွင်၌ ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ဒုတိယဝန်ကြီး ဦးသန်းဌေး မြစ်ငယ်(ဒုဋ္ဌဝတီ) မြစ်ဖြတ်ပိုက်လိုင်း တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂

မြန်မာနိုင်ငံကိုဖြတ်၍ ရေနံနှင့် သဘာဝဓာတ်ငွေ့များ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့နိုင်ရေးအတွက် ပိုက်လိုင်းတည်ဆောက်ရေးလုပ်ငန်းကို ၂၀၀၅ ခုနှစ်မှစ၍ မြန်မာ-တရုတ် နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်ခဲ့သည်။

သွားရောက်စစ်ဆေး

ယခုအခါ အဆိုပါလုပ်ငန်း၏ အစိတ်အပိုင်းများဖြစ်သော ကျောက်ဖြူမြို့နယ် ရေနံတင်ဆိပ်ကမ်း တည်ဆောက်ရေးနှင့် မြစ်ငယ်မြစ်ဖြတ်ပိုက်လိုင်း တည်ဆောက်ရေးလုပ်ငန်းများကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဇွန် ၃၀ ရက် မွန်းလွဲပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေးသည် မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာအုပ်စု ကတီကျေးရွာအနီး၌ ဆောင်ရွက်လျက်ရှိသော မြစ်ငယ်(ဒုဋ္ဌဝတီ)မြစ်ဖြတ်ပိုက်လိုင်းတည်ဆောက်ရေးလုပ်ငန်းကို သွားရောက်စစ်ဆေးသည်။

ရှေးဦးစွာ တည်ဆောက်ရေးလုပ်ငန်းခွင်ရုံးခန်း၌ China Petroleum Pipeline (CPP) ကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များကို ဆွေးနွေးမှာကြားပြီး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ဒုတိယဝန်ကြီးသည် ဇူလိုင် ၁ ရက်တွင် မန္တလေးမြို့ပေါ်ရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက် ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၏ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး (ခ)အဆင့်သို့ ရောက်ရှိပြီး ဌာနတွင်းရှိ အရာထမ်းများနှင့် တွေ့ဆုံကာ နိုင်ငံတော်အစိုးရက ပြောင်းလဲကျင့်သုံးလျက်ရှိသော စက်သုံးဆီဖြန့်ဖြူးရေးဆိုင်ရာ မူဝါဒများကို ရှင်းလင်းဆွေးနွေးမှာကြား၍ ပုဂ္ဂလိကစက်သုံးဆီသယ်ယာဉ်များသို့ ဆီဖြည့်တင်းပေးနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

အမှတ်(၂)စက်မှုဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တတိယနေ့အဖြစ် ကျင်းပ

နေပြည်တော် ဇူလိုင် ၂

အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ ၂၀၁၀ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ၏ တတိယနေ့အဖြစ် သစ်ပင်စိုက်ပျိုးမှုများကို ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာနရုံး၌ ကျင်းပသည်။

ယနေ့ ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတွင် စိန်ပန်း၊ ကျွန်း၊ ခရေ၊ မဟော်ဂနီ စသည့် သစ်ပင်၊ ပျိုးပင် ၁၈၅၀ ကို ဝန်ထမ်းများက စိုက်ပျိုးကြရာ အမှတ်(၂)စက်မှုဝန်ကြီးဌာနရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

အမှတ်(၂) စက်မှုဝန်ကြီးဌာန အနေဖြင့် သစ်ပင်စိုက်ပျိုးမှုများကို ဝန်ထမ်းအိမ်ရာများနှင့် ပုဗ္ဗသီရိမြို့ရှိ ဝန်ထမ်းကိုယ်ပိုင် နေအိမ်များတွင်ပါ အပတ်စဉ် စိုက်ပျိုးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ မိုးရာသီ သစ်ပင် စိုက်ပျိုးပွဲကို နေပြည်တော် ဒက္ခိဏသီရိမြို့ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း ရုံးဝင်းအတွင်း၌ ကျင်းပစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော် ဒက္ခိဏသီရိမြို့ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း ရုံးဝင်းအတွင်း၌ ကျင်းပသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ တာဝန်ရှိသူများနှင့် ရုံးဝန်ထမ်းများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ဗဟိုအလုပ်အမှုဆောင်များက သတ်မှတ်နေရာများ၌ အထိမ်းအမှတ် သရက်ပင်များကို စိုက်ပျိုးပေးကြပြီး တာဝန်ရှိသူများက အသင်းရုံးဝန်ထမ်းများ၏ မိုးရာသီ သစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဂန့်ဂေါခရိုင် ကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲဆိုင်ရာ သင်တန်းဟောပြောပို့ချ

ရန်ကုန် ဇူလိုင် ၂

စစ်ကိုင်းတိုင်း ဂန့်ဂေါခရိုင် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ ရွေးကောက်ပွဲဆိုင်ရာ သင်တန်းကို ဇွန် ၂၁ ရက်မှ ၂၈ ရက်အထိ ကျောက်ထု၊ လောင်းရှည်နှင့် ဆောမြို့တို့၌ ဖွင့်လှစ်ရာ ဂန့်ဂေါခရိုင် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် အဖွဲ့ဝင်ဦးညွန့်ဆောင်တို့က ဟောပြောပို့ချကြပြီး တက်ရောက်လာကြသည့် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တော သစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

ရေငန်ကို အသုံးပြု၍ ဟင်းသီးဟင်းရွက်စိုက်ပျိုးနည်း ခေါင်းစဉ်ဖြင့် ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် အစ္စရေးနိုင်ငံသံရုံးတို့ ပူးပေါင်းစီစဉ်မှုဖြင့် အစ္စရေးနိုင်ငံမှ ပညာရှင် Mr. Zion Shemer (Manager, Ramat Negev Desert Agro Research Centre Israel) က ရေငန်ကို အသုံးပြု၍ ဟင်းသီးဟင်းရွက် စိုက်ပျိုးနည်း "About Irrigation with Saline Water" ခေါင်းစဉ်ဖြင့် ဇူလိုင် ၈ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီခွဲတွင် ဘုရင့်နောင်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့် အနောက်ကြို့ကုန်းအင်းစိန်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဆွေးနွေးဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့အကြို ဆိုင်းဘုတ်တင်ပွဲနှင့် သစ်ပင်စိုက်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂

မြင်းမူမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အကြို ဆိုင်းဘုတ်တင်ပွဲနှင့် သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက် နံနက် ၇ နာရီတွင် မြင်းမူမြို့ အမှတ်(၂)နယ်မြေ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့၌ ကျင်းပရာ အစီအစဉ်အရ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သင်းသင်းကြိုင်နှင့် အဖွဲ့ဝင်များက မြန်မာအမျိုးသမီးများနေ့ဆိုင်းဘုတ်ကို တင်ပေးကြပြီး သစ်ပင်စိုက်ပျိုးပွဲကို ကျင်းပရာ မြင်းမူမြို့ မြို့ရှောင်လမ်းတစ်လျှောက်၌ သစ်ပင်များကို စိုက်ပျိုးကြသည်။

စိုက်ပျိုး

ယနေ့ကျင်းပသည့် သစ်ပင်စိုက်ပွဲတွင် တမာ၊ ကျွန်း၊ ကုက္ကိုနှင့် စိန်ပန်းပင် စုစုပေါင်း ၂၀၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)



ဇူလိုင် ၂ ရက်က 234th Anniversary of the Independence of United States အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေးသုတေသနနှင့် နိုင်ငံခြားဘာသာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးပေါ်လွင်စိန်အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်နိုင်ငံ သံရုံးယာယီတာဝန်ခံ Mr.Larry M.Dinger ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ကမ္ဘာတွင် မြန်မာတို့၏ စိတ်ရင်းသဘောထားနှင့် စွမ်းဆောင်မှုတို့ကို ပြသနိုင်ခဲ့သည့် မြန်မာသင်္ဘောသားများ

မြန်မာလူမျိုးတို့၏ စိတ်ရင်းသဘောထားသည် ဖြူစင်သည်။ ရိုးသားသည်။ ဖြောင့်မတ်သည်။ တစ်ပါးသူ ကြုံတွေ့နေရသည့် အခက်အခဲ၊ အကျပ်အတည်းများတွင် လျစ်လျူရှု မနေတတ်။ ဝင်ရောက်ကူညီ ရိုင်းပင်းလိုစိတ် ပြင်းပြတတ်ကြသည်။ ဤသည်တို့ကို သာဓကပြ ပုံဖော်နိုင်ခဲ့သည့်ဖြစ်ရပ်တစ်ခု မကြာသေးမီကာလက ဖြစ်ပေါ်ခဲ့သည်။ အပျော်စီးသင်္ဘောဖြင့် ခရီးထွက်စဉ် မမျှော်လင့်ဘဲ မုန်တိုင်းမိကာ သမုဒ္ဒရာအတွင်း မျောလွင့်နေခဲ့ရသည့် ဗြိတိန်နိုင်ငံသားလေးဦး၏အသက်ကို ဝတ္တရားတစ်ခု၊ တာဝန်တစ်ရပ်အဖြစ် မှတ်ယူခြင်းမပြုဘဲ မြန်မာတို့၏ စိတ်ရင်းအတိုင်း ခက်ခက်ခဲခဲဖြင့် ကယ်တင်ပေးခဲ့သူ မြန်မာသင်္ဘောသားကပ္ပတိန်နှင့် မြန်မာသင်္ဘောသားတစ်စုတို့၏ စွမ်းဆောင်မှုတစ်ခုပင်ဖြစ်သည်။ *(သတင်းအပြည့်အစုံကို ဇွန် ၂၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြပြီးဖြစ်သည်။)*

တွေ့ဆုံမေးမြန်းခြင်းနှင့် ဓာတ်ပုံ - အေးမင်း ❖ အဆင်အပြင် - ဖြိုးစန္ဒာမြင့်

ဦးဇော်အောင်ကို မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသားများ အသင်း အလုပ်အမှုဆောင်များနှင့် အတူ တွေ့ရစဉ်။

ထိုသို့ ဗြိတိန်နိုင်ငံသား လေးဦး အသက်ကို ဦးဆောင်ကယ်တင်ပေးခဲ့သူ သင်္ဘောကပ္ပတိန် ဦးဇော်အောင်သည် ဇွန်လ ၂၈ ရက်နေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ သွားရောက်တွေ့ဆုံ၍ ၎င်းတို့ ကယ်တင်ခဲ့ရသည့် ဖြစ်စဉ်တို့နှင့်ပတ်သက်ပြီး တွေ့ဆုံမေးမြန်းခဲ့သည်-

မေး။ ။ မုန်တိုင်းဒဏ်ကြောင့် မျောလွင့်နေတဲ့ အပျော်စီးသင်္ဘောကို မည်သည့်အချိန်၊ မည်သည့်အကြောင်းဖြင့် သိရှိကယ်တင်နိုင်ခဲ့ပါသလဲ။

ဖြေ။ ။ ဇွန် ၉ ရက်နေ့ ည ၉ နာရီမှာ တက်မခန်း (BRIDGE)ရှိ တတိယအရာရှိက Distress Message ရရှိကြောင်း ကျွန်တော့်ဆီကို ဖုန်းဆက်တယ်။ အဲဒီမှာ ကျွန်တော် တက်မခန်းကို တက်ကြည့်တော့ UK Yacht Otagon အပျော်စီး ရွက်သင်္ဘောတစ်စင်း ဒုက္ခရောက်နေလို့ ၆ နာရီအတွင်း သွားရောက်ကယ်တင်နိုင်တဲ့ သင်္ဘောက ကယ်တင်ပေးပါဆိုတဲ့ အကူအညီတောင်းထားတဲ့သတင်းပေးချက် (Message) ရရှိတဲ့အတွက် သွားရောက်ကယ်တင်ခဲ့တာဖြစ်ပါတယ်။

မေး။ ။ဒီလိုသိရှိပြီးနောက် ဆောင်ရွက်ခဲ့မှုများနှင့် ကယ်တင်ရန် ကြိုးစားလုပ်ဆောင်ခဲ့မှုများကိုလည်း သိလိုပါတယ်။

ဖြေ။ ။ အဲဒီသတင်းပေးချက် ရရှိပြီးတဲ့နောက် စင်ကာပူမှာရှိတဲ့ MTM ကုမ္ပဏီက သက်ဆိုင်ရာလူကြီးတွေဆီ သွားရောက် ကယ်တင်ခွင့်ရဖို့အတွက် ဖုန်းဆက်အကြောင်းကြားတယ်။ ခွင့်ပြုချက်ရတဲ့အခါမှာ သင်္ဘောဦးကို အပျော်စီး

MTM Princess သင်္ဘောကပ္ပတိန် ဦးဇော်အောင်ကို ရရှိသည့် ဆုတံဆိပ်နှင့်အတူ တွေ့ရစဉ်။

ရွက်သင်္ဘောတည်ရှိရာဆီကို ပြောင်းပြီး ခုတ်မောင်းခဲ့တယ်။ အချိန်အားဖြင့် ၂ နာရီခွဲလောက်အကြာမှာ အပျော်စီးရွက်သင်္ဘောကို လှိုင်းတွေကြားမှာ တွေ့ခဲ့ရတယ်။ သူတို့ကိုလာကယ်မှန်းသိအောင် ကျွန်တော်တို့သင်္ဘောကို သူတို့နဲ့ ခုနစ်မိုင်လောက်အကွာမှာကတည်းက မီးတွေအကုန်ဖွင့်ပေးထားလိုက်တယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ကိုလာကယ်တဲ့သူရှိပြီဆိုတာသိရပြီး အားတက်သွားစေလိုတဲ့အတွက်ကြောင့်ဖြစ်ပါတယ်။

မေး။ ။ အပျော်စီးသင်္ဘောပေါ်မှာ ပါလာတဲ့ ဗြိတိန်နိုင်ငံသားတွေကရော သူတို့ကို ကယ်တင်နိုင်ဖို့ မည်သို့ဆောင်ရွက်ခဲ့တယ်ဆိုတာကိုလည်း သိလိုပါတယ်။

ဖြေ။ ။ဗြိတိန်နိုင်ငံသားလေးဦးကလည်း ကျွန်တော်တို့ဆီကိုဆက်သွယ်ပြီး အကူအညီတောင်းခံပါတယ်။

မေး။ ။ သမုဒ္ဒရာဆိုတဲ့ ကျယ်ပြောလှတဲ့ ရေပြင်ထဲတွင် ကယ်ဆယ်ရမယ့်အပျော်စီးသင်္ဘောကို ချဉ်းကပ်နိုင်ရန် မည်သို့လုပ်ဆောင်ခဲ့ရသည်၊ ယင်းသင်္ဘောပေါ်တွင်ပါလာသူတို့အား မည်သို့ကယ်ဆယ်ခဲ့ရသည်တို့ကို သိလိုပါတယ်။

ဖြေ။ ။ အဲဒီအချိန်က မြောက်အရပ်ကနေ တိုက်ခတ်တဲ့လေတိုက်နှုန်းက တစ်နာရီကို မိုင် ၃၀ နှုန်းရှိတယ်။ ပင်လယ်ပြင်လှိုင်းထန်မှုအခြေအနေက အဆင့် ၇ ရှိတယ်။ အပျော်စီးသင်္ဘောဆီကို ကျွန်တော်တို့ အလွန်ခက်ခဲစွာသွားရောက်ခဲ့ရတယ်။ လှိုင်းလေတွေကြားမှာ သတိကြီးစွာထားပြီး ချဉ်းကပ်ကယ်ဆယ်ခဲ့ရတယ်။ အဲလို ကယ်တင်တဲ့နေရာမှာ နှစ်ကြိမ်တိုင် ကြိုးစားခဲ့ရတယ်။ ကျွန်တော်တို့ဆီကနေ သူတို့ဆီကို ကြိုးပစ်ပေးပြီး ကယ်တဲ့နည်းကိုသုံးခဲ့တယ်။ အဲဒီနေရာမှာ ပထမတစ်ကြိမ်က အောင်မြင်မှုမရခဲ့ဘူး။ လေအား၊ တင်းအားတွေကြောင့် ကြိုးပြတ်သွားခဲ့တယ်။ ဒုတိယအကြိမ်မှာတော့ သူတို့ရွက်သင်္ဘောကို လေကွယ်ရာမှာထားပြီး ကယ်တင်တဲ့အခါမှာ အောင်မြင်ခဲ့တယ်။ အဖွဲ့သုံးဖွဲ့ခွဲပြီး လုပ်ဆောင်ခဲ့ရတယ်။ သူတို့တွေ သင်္ဘောပေါ်ရောက်ဖို့ တစ်ဦးချင်းစီကို ကြိုးကနေတစ်ဆင့်ဆွဲတင်တဲ့နည်းနဲ့ ကယ်တင်ခဲ့ရပါတယ်။

မေး။ ။ အပျော်စီးသင်္ဘောပေါ်ရှိ ဗြိတိန်နိုင်ငံသားများအား ကယ်တင်ပြီးနောက် ဆောင်ရွက်ချက်များကိုလည်း သိလိုပါတယ်။

ဖြေ။ ။ အပျော်စီးသင်္ဘောပေါ်က ဗြိတိန်နိုင်ငံသားလေးဦးကို ကယ်တင်ပြီးတဲ့နောက်မှာ ကျွန်တော်တို့ မူလခရီးစဉ်ဖြစ်တဲ့ စပိန်နိုင်ငံဆီကို ဦးတည်ခုတ်မောင်းခဲ့ပါတယ်။ ဗြိတိန်နိုင်ငံသားလေးဦးကိုတော့ ဇွန် ၁၀ ရက်ကနေ ၁၃ ရက်နေ့ထိ ကျွန်တော်တို့သင်္ဘောပေါ်မှာပဲထားပြီး လိုအပ်တာတွေ ကူညီပေးခဲ့တယ်။ ၁၃ ရက်နေ့မှာတော့ စပိန်နိုင်ငံ Santander မြို့ကိုရောက်ပြီး သူတို့ရဲ့ဆွေမျိုးတွေက လာရောက်ခေါ်ဆောင်ပါတယ်။ ၁၄ ရက်နေ့မှာတော့ ကျွန်တော်တို့ သင်္ဘောပေါ်ကို သတင်းထောက်တွေက လာရောက်ပြီး ဖြစ်စဉ်နဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေ ယူတယ်။ စပိန်နိုင်ငံ Maritime Safety Agency က လူကြီးတွေရယ်၊ နောက် Harbour Master တွေ လာရောက်တွေ့ဆုံပြီး ဂုဏ်ထူးဆောင်ဆုကို ပေးအပ်ခဲ့ပါတယ်။

မေး။ ။ ယခုလို ဒုက္ခရောက်နေသူများအား ကယ်တင်ပေးရခြင်း၊ အထူးသဖြင့် အသက်အန္တရာယ်နှင့် ရင်ဆိုင်နေရသူတို့အား ကယ်တင်ခွင့်ရရှိခဲ့ခြင်းအတွက် ဦးဇော်အောင်ရဲ့ ရင်တွင်းခံစားချက်ကိုလည်း သိလိုပါတယ်။

ဖြေ။ ။ ကျွန်တော့်ရင်ထဲမှာ ဖော်မပြနိုင်လောက်အောင်ကို ဝမ်းသာပီတိဖြစ်ရပါတယ်။ မြန်မာလူမျိုး၊ မြန်မာနိုင်ငံသားတို့ရဲ့ ဂုဏ်သိက္ခာကို ဖော်ပြနိုင်ခဲ့တဲ့အတွက် ဂုဏ်ယူမိပါတယ်။ အဲဒီလို ကယ်တင်နေချိန်မှာကို ဗြိတိန်နိုင်ငံသားတွေက မင်းတို့ ငါတို့ကို လာမကယ်နဲ့တော့ ထားခဲ့၊ ငါတို့ဘာသာ ရော်ဘာဖောင်တွေနဲ့ ရေထဲကိုပဲ ဖြစ်သလိုခုန်ချလိုက်တော့မယ်ဆိုပြီး အားလျှော့တဲ့စကားတွေ ဆိုလာတယ်။ ဒါပေမယ့် ကျွန်တော် သူတို့ကို ဒီအတိုင်း ထားမပစ်ရက်ခဲ့ဘူး။ ရအောင်ကယ်မယ်ဆိုတဲ့ စိတ်ထည့်ထားခဲ့တယ်။ ခင်ဗျားတို့ ဒီလိုမလုပ်နဲ့၊ ခင်ဗျားတို့ကို ကျွန်တော် ရအောင်ကယ်မယ်၊ ခင်ဗျားတို့ကို ကယ်လို့မရမချင်း ကျွန်တော်တို့ လှည့်ပြန်မသွားဘူးဆိုပြီး ပြန်ပြောခဲ့တယ်။ ဒါဟာ ကျွန်တော်တို့ မြန်မာလူမျိုးတွေရဲ့ စိတ်ထားအမှန်ကြောင့် တစ်ပါးသူ အသက်ကို အောင်မြင်စွာ ကယ်တင်နိုင်ခဲ့တယ်လို့လည်း ဆိုနိုင်ပါတယ်။ နောက်ရေကြောင်းပညာရပ်တွေကို သေချာလေ့လာသင်ယူခဲ့လို့လည်း ခုလိုအောင်မြင်မှုရလာတာပါ။ အဲဒါကြောင့် ရေကြောင်းအတတ်ပညာများကို သင်ကြားပေးခဲ့တဲ့ ရေကြောင်းသိပ္ပံက ဆရာများ၊ မြန်မာနိုင်ငံ ရေကြောင်းညွှန်ကြားမှုဦးစီးဌာနမှ ဆရာများ၊ မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်း အလုပ်အမှုဆောင်အဖွဲ့မှ ဆရာများကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်။

ထိုသို့ဗြိတိန်နိုင်ငံသားတို့၏ အသက်ကို စွန့်စား ကယ်တင်ခဲ့ရသည်နှင့်ပတ်သက်၍ စပိန်နိုင်ငံအခြေစိုက် သတင်းမီဒီယာများကလည်း ဦးဇော်အောင်နှင့်လာရောက်တွေ့ဆုံမေးမြန်းမှုများပြုခဲ့ပြီး မီဒီယာစုံမှ ဖော်ပြခဲ့ကြရာ ကမ္ဘာ့နိုင်ငံအသီးသီးသို့ပါ ယင်းဖြစ်ရပ်သည် ပျံ့နှံ့သွားခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံသား ဦးဆောင်သည့် မြန်မာသင်္ဘောသားတို့၏ စွမ်းဆောင်မှုသည် ကမ္ဘာသို့တိုင်လွှမ်းခြုံခဲ့ရသည်။ သို့အတွက် ယခုဖြစ်ရပ်သည် နိုင်ငံနှင့် လူမျိုး၏ ဂုဏ်ကို မြှင့်တင်ပေးခဲ့သည့် ဖြစ်ရပ်တစ်ခု၊ ကမ္ဘာတွင် မြန်မာလူမျိုးတို့၏ စိတ်ရင်းသဘောထားကို ပြသခွင့်ကြုံခဲ့ရသည့် ဖြစ်ရပ်တစ်ခုအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ကပ္ပတိန် ဦးဇော်အောင် ၎င်း၏ မိသားစုနှင့် အတူ တွေ့ရစဉ်။

BCB Centre မှ Confidence-Building Program သင်တန်း ဖွင့်မည်

ရန်ကုန် ဇူလိုင် ၂

လူငယ်များ မိမိကိုယ်မိမိ ယုံကြည်မှုရှိစေရန်နှင့် စွမ်းရည်မြှင့်တင်မှုရှိစေရန် ရည်ရွယ်၍ Confidence- Building Program သင်တန်းကို ဇူလိုင် ၅ ရက်တွင် Business Capacity Building (BCB) Centre၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ အခြေခံပညာအထက်တန်း အောင်မြင်သူများနှင့် ဘွဲ့ကြိုသင်တန်း တက်ရောက်နေသူများ အားလုံးတက်ရောက်နိုင်ကြောင်း သိရှိရသည်။

သင်တန်းတွင် လူငယ်များအတွက် ပို့ချမည့်အကြောင်းအရာ ၁၁ ခုပါဝင်ပြီး မိမိကိုယ်မိမိဝတ်စားဆင်ယင်မှုနှင့် သပ်သပ်ရပ်ရပ် နေထိုင်သွားလာပြုမူစေရန်၊ ပျော်ရွှင်ကျန်းမာသော ဘဝကိုပိုင်ဆိုင်နိုင်စေရန်၊ ကျင့်ဝတ်သိက္ခာနှင့်အညီ နေထိုင်ဆောင်ရွက်တတ်စေရန်၊ သက်ဆိုင်ရာလုပ်ငန်း အသင်းအဖွဲ့များတွင် ဦးဆောင်ဦးရွက်ပြုနိုင်သော အရည်အချင်းများ ရှိလာစေရန်၊ စိတ်ပိုင်းဆိုင်ရာ အရည်အသွေးများ တိုးတက်လာစေရန်၊ မိမိဘဝကို ကိုယ်တိုင်မြှင့်တင်နိုင်စေရန်၊ ပြောဆိုဆက်ဆံရေးတွင်လည်း ရှင်းလင်းစွာ ပြောဆိုတတ်မှုရှိစေရန်၊ အင်္ဂလိပ်ဘာသာစကားကို ယုံကြည်မှုရှိရှိ ပြောဆိုနိုင်စေရန်၊ ကွန်ပျူတာအသုံးပြုမှုတွင် လက်တွေ့ကျကျအသုံးချတတ်စေရန်နှင့် အင်တာနက် အသုံးပြုရာတွင်လည်း အကျိုးရှိစွာ အသုံးပြုတတ်မှုရှိစေရန် သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရှိရသည်။

သင်တန်းကာလမှာ ဇူလိုင် ၅ ရက်မှ ဩဂုတ် ၁၉ ရက်အထိဖြစ်ပြီး သင်တန်းချိန်မှာ နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁၂ နာရီခွဲ တနင်္လာနေ့မှ သောကြာနေ့အထိ တက်ရောက်ရမည်ဖြစ်သည်။

အလားတူ မန်နေဂျာအသစ်များအတွက် (Management Skills for New Managers)စီမံခန့်ခွဲမှုပညာ သင်တန်းကို ဇူလိုင် ၂၀ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းသားဦးရေ ကန့်သတ်လက်ခံမည်ဖြစ်သဖြင့် အသေးစိတ်သိရှိလိုပါက Business Capacity Building (BCB) Centre အခန်း(၄၀၅) အမှတ်(၈) ဗားကရားလမ်းနှင့် ဓမ္မစေတီလမ်းထောင့် မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၈၅၃၁ သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကြီးကြပ်ဆောင်ရွက်

မောင်တောမြို့ သန့်ရှင်းသာယာရေးနှင့် ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ မင်းဘာကြီးလမ်းရေမြောင်းများ တူးဖော်ခြင်းကို ဦးစီးအရာရှိ ဦးအောင်ကျော်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

စစ်ကိုင်းတိုင်း မုံရွာမြို့ ချင်းတွင်းရတနာဈေး မီးဘေးသင့်ဆိုင်ခန်းများအတွက် ယာယီသံဖရိန်ဆိုင်ခန်းများ ဆောက်လုပ်ပြီးစီးမှုကို စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယအင်ဂျင်နီယာချုပ် ဦးကျော်စိုး ဇွန် ၁၅ ရက်တွင် ကွင်းဆင်းစစ်ဆေးရာ တိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းကျော်မျိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးညွန့်တို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

စစ်ကွင်းအသင်း (ရန်ကုန်) နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇူလိုင် ၂

စစ်ကွင်းအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး၊ (၁၅)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင် ၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ စမ်းချောင်းမြို့နယ် ဥယျာဉ်တိုက်ကျောင်းဝင်းရှိ ရွှေကျင်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

၂၀၀၈-၂၀၀၉ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူ အသင်းဝင်များ၏သားသမီးများအား ပညာရည်ချွန်ဆုပေးအပ်မည်ဖြစ်၍ ခိုင်လုံသော အထောက်အထားဖြင့် ဇူလိုင် ၁၁ ရက် နောက်ဆုံးထား၍ ဆက်သွယ်ရမည်ဖြစ်သည်။ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ရန်ကုန်ရောက် စစ်ကွင်းသူ၊ စစ်ကွင်းသားများကြွရောက်ပါရန်နှင့် လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးသန်းစိန် ဖုန်း-၅၄၈၇၀၁၊ ဒုတိယဥက္ကဋ္ဌ ဦးတင်ဝင်း ဖုန်း-၅၂၅၁၈၃၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်(ဖိုးတော) ဖုန်း-၇၀၆၈၀၂၊ ဦးခင်ကြွယ် ဖုန်း-၅၃၄၁၂၈၊ ဦးမြင့်သိန်း ဖုန်း-၅၀၄၆၀၉၊ ဦးဝင်းမောင် ဖုန်း-၅၂၅၀၄၀၊ ဒေါ်စန္ဒာမြင့် ဖုန်း-၀၉-၅၁၃၂၂၃၄ နှင့် ဦးကြင်စိန် (စစ်ကွင်း) ဖုန်း-၀၅၃-၃၀၃၄၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (၂၃)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အခမ်းအနားနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး တက်ရောက်

နေပြည်တော် ဇူလိုင် ၂

တနင်္သာရီတိုင်း အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၂၆ ရက် နံနက်ပိုင်းက မြိတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး တနင်္သာရီတိုင်းရဲတပ်ဖွဲ့မှူးက ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ဥပဒေဆိုင်ရာအချက်အလက်များ၊ ဆိုးကျိုးများနှင့် ရောဂါများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက မူးယစ်ဆေးဝါးဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများ၊ မူးယစ်ဆေးဝါးအမှုများကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သော ရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများတွင် ပူးပေါင်းကူညီ ဆောင်ရွက်ခဲ့ကြသူများအတွက် ဂုဏ်ပြုဆုများကို အသီးသီးပေးအပ်ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မူးယစ်ဆေးဝါးပညာပေးပြခန်းများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းမှူးသည် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲအခမ်းအနားသို့ တက်ရောက်ရာ တိုင်းရဲတပ်ဖွဲ့မှူးက ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက မူးယစ်ဆေးဝါးများကို စက်ခလုတ်နှိပ်၍ မီးရှို့ဖျက်ဆီးပေးသည်။

ထို့နောက် တိုင်းမှူးသည် ဇွန် ၂၇ ရက်တွင် မြိတ်တက္ကသိုလ်၌ ကျင်းပသော မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ တာဝန်ရှိသူတစ်ဦးက သစ်ပင်စိုက်ပျိုးပွဲနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပျိုးပင်များကို တက်ရောက်လာကြသူများထံ ပေးအပ်ကြပြီး သစ်ပင်စိုက်ပျိုးပေးကာ စုပေါင်းသစ်ပင်စိုက်ပျိုးမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ခင်ဇော်ဦး မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်တွင် သစ်ပင်စိုက်ပျိုးပေးစဉ်။
(သတင်းစဉ်)

တောင်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၂

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းတွင်နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။**မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ကော့ကရိတ်မြို့တွင် ၂ ဒသမ ၇၂ လက်မ၊ ဟုမ္မလင်းမြို့တွင် ၂ ဒသမ ၅၅ လက်မ၊ ခန္တီးမြို့တွင် ၂ ဒသမ ၂၉လက်မနှင့် သိမ်ဇရပ်မြို့နှင့် မြိတ်မြို့တို့တွင် ၂ ဒသမ ၁၇လက်မစီ၊ ပင်လောင်းမြို့တွင် ၂ ဒသမ ၁၃လက်မနှင့် မြဝတီမြို့တွင် ၂ ဒသမ ၀၄လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဇူလိုင် ၃ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဇူလိုင်လ ပထမရက်သတ္တပတ်ကုန် ရက်များအတွက် မိုးလေဝသခန့်မှန်းချက်။။

လာမည့် သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းတွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။

စင်ကာပူလူငယ်အသင်းကို မြန်မာယူ-၂၃အသင်း အနိုင်ယူ

ရန်ကုန် ဇူလိုင် ၂

မြန်မာ-စင်ကာပူ ချစ်ကြည်ရေးခြေစမ်းပွဲ ပထမပွဲစဉ်အဖြစ် မြန်မာယူ-၂၃အသင်းနှင့် စင်ကာပူလူငယ်အသင်းတို့သည် ယနေ့ ညနေ ၃ နာရီ ၄၅ မိနစ်တွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားကြရာ မြန်မာယူ-၂၃အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မြန်မာယူ-၂၃အသင်း-နှစ်ဂိုး
(ရာဇာဝင်းသိန်းနှင့် မိုင်းအိုက်နိုင်)
စင်ကာပူလူငယ်အသင်း-တစ်ဂိုး
(မိုဟာမက်ခါလီလီ)

ခြေစမ်းပွဲဖြစ်သော်လည်း မြန်မာယူ-၂၃အသင်းမှာ အနိုင်ရရှိရန် ကြိုးစားသွားခဲ့ပြီး ဒုတိယပိုင်းတွင်ရရှိသော ဂိုးနှစ်ဂိုးကြောင့် အနိုင်ရရှိခဲ့ခြင်းလည်းဖြစ်သည်။ ပထမပိုင်းတွင် စင်ကာပူအသင်းကို အသာမရခဲ့သော မြန်မာ ယူ-၂၃အသင်းမှာ ဒုတိယပိုင်းတွင် နိုင်လိုစိတ်အပြည့်ဖြင့် ကြိုးစားခဲ့သောကြောင့် ချေပဂိုးနှင့် အနိုင်ဂိုး သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

စင်ကာပူနှင့် ခြေစွမ်းပွဲအကြိုလူရွေးပွဲတွင် ပဏာမမြန်မာ့လက်ရွေးစင်အသင်းကို ဂိုးပြတ် အနိုင်ရခဲ့သည့် လူစာရင်းကိုအမာခံထား ပွဲထွက်ခဲ့သည့် မြန်မာယူ-၂၃အသင်းမှာ ပထမပိုင်းတွင် ခြေစွမ်းမပြနိုင်ခဲ့ပေ။ (၂၅) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်အသင်းမှ ကစားသမား ၁၅ ဦးကို အခြေခံထားပြီး အာရှအားကစားပြိုင်ပွဲဝင်ရန် ရည်ရွယ်ဖွဲ့စည်းထားသည့် စင်ကာပူလူငယ်အသင်းမှာ ပထမပိုင်းတွင် ကစားကွက်မိမိဖြင့် ကစားနိုင်ခဲ့သည်။ စင်ကာပူလက်ရွေးစင်နည်းပြ အေဘရာမိုဗစ်ကိုယ်တိုင်ကိုင်တွယ်လာသည့် စင်ကာပူလူငယ်အသင်းမှာ ပထမပိုင်းပြီးခါနီးတွင် သွင်းယူခဲ့သော မိုဟာမက်ခါလီလီ၏ ပြစ်ဒဏ်ဘောဂိုးဖြင့် ပွဲကိုဦးဆောင်နိုင်ခဲ့သည်။

မြန်မာယူ-၂၃အသင်းမှာ ချေပဂိုးရရှိရန် ဒုတိယပိုင်းတွင် ကစားသမားများ အပြောင်းအလဲလုပ်ကာ ကစားအားမြှင့်ခဲ့သည်။ ဒုတိယပိုင်းတွင် ကစားပုံပိုကောင်းလာသော မြန်မာအသင်း ပိုမိုကစားနိုင်ခဲ့ပြီး ၆၇ မိနစ်တွင် အသင်းခေါင်းဆောင် ရာဇာဝင်းသိန်းက ချေပဂိုးပြန်လည်သွင်းယူခဲ့သည်။ ဆက်တိုက်ဆိုသလို မြန်မာအသင်းဖိကစားခဲ့ပြီး ၇၅ မိနစ်တွင် မိုင်းအိုက်နိုင်က စင်ကာပူဂိုးသမားကိုလိမ်ပြီး အနိုင်ဂိုးသွင်းယူခဲ့သည်။ ယခုပွဲအနိုင်ရရှိခဲ့သောကြောင့် မြန်မာယူ-၂၃အသင်းမှာ (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် စင်ကာပူအသင်းအား ရှုံးနိမ့်ခဲ့မှုကို ရှုံးကြွေး ပြန်ဆပ်နိုင်ခဲ့ပြီဖြစ်သည်။

မြန်မာယူ-၂၃အသင်းတွင် ဂိုး-သီဟစည်သူ၊ နောက်တန်း-ရန်အောင်ဝင်း၊ မိုးဝင်း၊ အေးဆန်း(မင်းမင်းသူ)၊ ရွှေလိုင်ဝင်း (ကျော်ကျော်မျိုး)၊ အလယ်တန်း-လူအေးထွေး(တင်ဝင်းအောင်)၊ (ကျော်ဇေယျာဝင်း)၊ ရန်အောင်ကျော်၊ အောင်မြင့်အေး(ရဲဝေယံစိုး)၊ သိန်းသန်းဝင်း (မိုင်းအိုက်နိုင်)၊ ရာဇာဝင်းသိန်း(နိုင်နိုင်လင်း)၊ ရှေ့တန်း- ကျော်ကိုကို(စိုးမင်းဦး)တို့ ပါဝင်ကစားခဲ့ကြသည်။

၄-၇-၂၀၁၀

မြန်မာ့လက်ရွေးစင်-စင်ကာပူအိုလံပစ်

(ကြေးမုံ)



မြန်မာတိုက်စစ်မှူး မိုင်းအိုက်နိုင် စင်ကာပူဂိုးသမားကို လိမ်၍ အနိုင်ဂိုး သွင်းယူစဉ်။

ဘရာဇီးကို နောက်ကောက်ချပြီး နယ်သာလန် အကြိုဗိုလ်လုပွဲတက်ပြီ

ဂျိုဟန်နက်စဘတ် ဇူလိုင် ၂

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်အဖြစ် နယ်သာလန်အသင်းနဲ့ ဘရာဇီးအသင်းတို့ ယနေ့ည ယှဉ်ပြိုင်ကစားကြရာ နယ်သာလန်က နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရသွားပါတယ်။

ဒီနေ့ပွဲဟာ ကွာတားဖိုင်နယ်ပွဲဖြစ်တာနဲ့ အညီ လုံးဝအမှားခံလို့မရတာကြောင့် နှစ်သင်းလုံး လူစုံထုတ်သုံးခဲ့ပါတယ်။

ဘရာဇီးပွဲအစ ၁၀ မိနစ်မှာပဲ ရော်ဘင်ဟိုရဲ့ သွင်းဂိုးနဲ့ ဦးဆောင်နိုင်ခဲ့ပါတယ်။ အဲဒီနောက် ပွဲချိန် ၂၅ မိနစ်မှာ ဂျူအန်ရဲ့ကန်ချက် ဂိုး ဘားတန်းကျော်ခဲ့သလို ၃၁ မိနစ်မှာ ကာကာရဲ့ ကန်ချက်ကို နယ်သာလန်ဂိုးသမား ပုတ်ထုတ်ကာကွယ်နိုင်ခဲ့တာကြောင့် ဘရာဇီးတို့ ဂိုးထပ်မံရရှိမယ့် အခွင့်အရေးဆုံးရှုံးခဲ့ရပါတယ်။

ဒုတိယပိုင်း ၅၃ မိနစ်မှာ ရှနိုက်ဒါရဲ့ ဂိုးရှေ့ဖြတ်တင်ဘောကို ဘရာဇီးဂိုးသမားနဲ့ နောက်တန်းတို့ ကာကွယ်ဖျက်ထုတ်ဖို့ကြိုးစားရာ ဘရာဇီးကစားသမား မီလိုခေါင်းနဲ့ထိပြီး ဂိုးဝင်သွားတာကြောင့် နယ်သာလန် ချေပဂိုးရခဲ့ပါတယ်။ ကစားအား အနည်းငယ်ကျသွားတဲ့ ဘရာဇီးကို နယ်သာလန် ဖိအားပေး တိုက်စစ်ဆင်ခဲ့တာကြောင့် ၆၈ မိနစ်မှာ ရှနိုက်ဒါရဲ့ ခေါင်းတိုက်ဂိုးနဲ့ နယ်သာလန်တို့ ပြန်လည်ဦးဆောင်နိုင်ခဲ့ပါတယ်။ ဒီပွဲရဲ့ အကောင်းဆုံးကစားသမားဆုကို နယ်သာလန်အသင်းမှ ရှနိုက်ဒါရရှိခဲ့ပါတယ်။

တိုက်စစ်ချင်းအားပြိုင်ကြမည့် အာဂျင်တီးနားနှင့် ဂျာမနီ ပါရာဂွေးကို အနိုင်ယူပြီး စပိန် ဆီမီးဖိုင်နယ် တက်နိုင်မည်လား

၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ဒုတိယနေ့ပြိုင်ပွဲများအဖြစ် အာဂျင်တီးနားနဲ့ ဂျာမနီ၊ ပါရာဂွေးနဲ့ စပိန်တို့ ယှဉ်ပြိုင်ကစားကြမှာဖြစ်တာကြောင့် တိုက်စစ်ချင်းအားပြိုင်ကြမယ့် ပွဲကိုကြည့်ရမှာဖြစ်သလို စပိန်အနေနဲ့ပါရာဂွေးကို အနိုင်ယူပြီး ဆီမီးဖိုင်နယ်ကို တက်နိုင်မလားဆိုတာကိုလည်း စောင့်ကြည့်ရမှာပါ။

အာဂျင်တီးနား-ဂျာမနီ
၃-၇-၂၀၁၀(စနေနေ့)
ည ၈း၃၀နာရီ

အုပ်စု(B)က အုပ်စုဗိုလ်နဲ့ တက်လာပြီး ၁၆သင်းရှုံးထွက်အဆင့်မှာ တီဗက်ဇ်၊ ဟီဂွာရင်တို့ရဲ့ ဂိုးတွေနဲ့အတူ မက္ကဆီကိုကို သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပြီးတက်လာတဲ့ မာရာဒိုနာရဲ့ အာဂျင်တီးနားဟာ ရစ်သမ်မှန်နေပါတယ်။ မက်ဆီ၊ တီဗက်ဇ်၊ ဟီဂွာရင်တို့ တိုက်စစ်ပိုင်းကလည်း ထက်မြက်မှုရှိလှပါတယ်။ ဂျာမနီကတော့ အုပ်စု(D)က အုပ်စုဗိုလ်နဲ့ တက်လာပြီး ၁၆သင်း ရှုံးထွက်အဆင့်မှာ နာမည်ကြီးအင်္ဂလန်ကို ဂိုးပြတ်သွင်းပြီး နောက်ကောက်ချနိုင်ခဲ့ပါတယ်။ ဂျာမနီမှာ ကလိုဆေး ပုံမှန်ခြေစွမ်းရနေသလို ပိုဒေါ်စကီးနဲ့ မူလာတို့ကလည်း တိုးအားကောင်းကြပါတယ်။

ဒါကြောင့် တိုက်စစ်ချင်း အားပြိုင်မယ့်ပွဲမှာ နည်းပြနှစ်ဦးရဲ့ ဗျူဟာကလည်း အရေးပါလှပါတယ်။ အာဂျင်တီးနားနည်းပြ မာရာဒိုနာဟာ ကစားသမားဘဝမှာ အောင်မြင်မှုရရှိခဲ့ပေမယ့် နည်းပြဘဝမှာ အောင်မြင်ရေးလမ်းကြောင်းပေါ် ရောက်အောင် ကြိုးစားနေဆဲဖြစ်ပါတယ်။ ဂျာမနီနည်းပြ ဂျိုချင်လောကတော့ ၂၀၀၆ ခုနှစ်ကပင် ဂျာမနီအသင်းကို ကိုင်တွယ်ခဲ့ပြီး ဂျာမနီအသင်း ၂၀၀၆ ကမ္ဘာ့ဖလားမှာ တတိယရခဲ့စဉ်က လက်ထောက်နည်းပြအဖြစ် တာဝန်ယူခဲ့ဖူးပါတယ်။ ဒါကြောင့် နည်းပြပိုင်းမှာ ဂျာမနီနည်းပြ ဂျိုချင်လောကပိုပြီး အတွေ့အကြုံရင့်ကျက်တယ်လို့ ဆိုရမှာပါ။ ဒီနှစ်သင်းရဲ့ အခြေအနေအရပ်ရပ်ကို ချိန်ထိုးကြည့်ရင် မိနစ် ၉၀ အတွင်း သရေပွဲ ဖြစ်ဖို့ရာနှုန်းများနေပါတယ်။

ပါရာဂွေး-စပိန်
၄-၇-၂၀၁၀ (တနင်္ဂနွေနေ့)
နံနက် ၁နာရီ

အုပ်စု(F)က အုပ်စုဗိုလ်နဲ့ တက်လာတဲ့ ပါရာဂွေးဟာ ၁၆သင်း ရှုံးထွက်အဆင့်မှာ ဂျပန်ကို ပယ်နယ်တီ ငါးဂိုး-သုံးဂိုးနဲ့ နိုင်ပြီး တက်လာခဲ့ကာ အုပ်စု(H)က အုပ်စုဗိုလ်နဲ့ တက်လာတဲ့စပိန်ဟာ ၁၆သင်း ရှုံးထွက်အဆင့်မှာ ပေါ်တူဂီကို ခြေအသာ၊ ကစားကွက်အသာနဲ့ ကစားပြီး ဒေးဗစ်ဗီလာရဲ့ သွင်းဂိုးနဲ့ အနိုင်ရကာ ယခုအဆင့်ကိုတက်လာခြင်းပဲဖြစ်ပါတယ်။

ပါရာဂွေးမှာ ဆန်တာခရုဇ်၊ ကာဒိုဇို၊ ဆန်တနာ၊ ကာနီဇာတို့လောက်သာ လောက်လောက်လားလားရှိပြီး စပိန်မှာတော့ ဖာနန်ဒိုတောရက်စ်၊ ဒေးဗစ်ဗီလာ၊ ဇာဗီ၊ အင်နီယေစတာနဲ့ အလွန်ဆိုတို့လို အတွေ့အကြုံရင့်ကျက်ပြီး ခြေစွမ်းထက် ကစားသမားတွေရှိနေပါတယ်။ ဒါကြောင့် ဒီပွဲဟာ စပိန်ပရိသတ်တွေ ပြုံးပျော်ခွင့် ရသွားမယ့်ပွဲတစ်ပွဲဖြစ်လာဦးမယ်လို့ သုံးသပ်ရပါတယ်။

ဝင်းတင်
(ကြေးမုံ)

❖ကျော့ဖုံးမှ

စွန့်ပစ္စည်းများကို ကုန်ကြမ်းအဖြစ် ရယူအသုံးပြုကာ ဟာဝိုင်ယီ ကျွန်းအရွယ် (စတုရန်း ကီလိုမီတာ ၁၀၀၀၀ခန့်)ရှိ ကျွန်းတစ်ကျွန်းကို တည်ဆောက်နိုင်မည် ဖြစ်ကြောင်း နယ်သာလန်နိုင်ငံ အခြေစိုက် WHIM ကုမ္ပဏီမှ သိပ္ပံပညာရှင်များက ပြောကြားကြသည်။

စွန့်ပစ်ပလတ်စတစ်ဖြင့် တည်ဆောက်မည့် ကျွန်းကို "တစ်ကျော့ပြန်ထုတ်လုပ်ရေးကျွန်း" (Recycled Island) ဟု အမည်ပေးထားသည်။ အဆိုပါ ကျွန်းပေါ်တွင် လူပေါင်း ၅၀၀၀၀၀ နေထိုင်နိုင်မည်ဖြစ်ပြီး ကျွန်းသူ၊ ကျွန်းသားများသည် နေရောင်ခြည်စွမ်းအင်နှင့် ပင်လယ်ရေလှိုင်း စွမ်းအင်တို့ကို ထုတ်ယူသုံးစွဲကြမည်ဖြစ်သည်။

"တစ်ကျော့ပြန် ထုတ်လုပ်ရေးကျွန်း"သည် ရေပေါ်တွင် မျောပါနေသော ကျွန်းတစ်ကျွန်းဖြစ်ပြီး ပင်လယ်သမုဒ္ဒရာများ ပလတ်စတစ် အမှိုက်မှ ကင်းဝေးစေရန်၊ လူတို့နေထိုင်နိုင်သော နယ်မြေသစ်ဖန်တီးပေးရန်နှင့် သဘာဝ ပတ်ဝန်းကျင်နှင့် ကိုက်ညီသော လူနေဒေသ တည်ဆောက်ရန်ဟူသော ရည်ရွယ်ချက်များနှင့်အညီ တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ကျွန်းတည်ဆောက်ရေးစီမံကိန်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ကမ္ဘာပေါ်တွင် ပလတ်စတစ် အမှိုက်အများဆုံးစုဝေးရာ သမုဒ္ဒရာမှာ ပစိဖိတ်သမုဒ္ဒရာဖြစ်သည်။ ပလတ်စတစ်အမှိုက်သည် ပင်လယ်ပျော်သတ္တဝါများ၏ ဂေဟစနစ်ကို ထိခိုက်စေနိုင်သည်။

အဆိုပါကျွန်းကို အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့နှင့် ဟာဝိုင်ယီကျွန်းအကြား နေရာတစ်နေရာတွင် တည်ဆောက်ရန် သင့်လျော်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ***အင်တာနက်။***

လှိုင်သာယာမြို့နယ်ရှိ ဈေးများ မီးဘေးလုံခြုံမှုကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုများကို ဇွန် ၂၆ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ဦးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ စက်မှုဇုန်အမှတ်-၁ ဈေးအတွင်းသို့ စစ်ဆေးရာ ဈေးသာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဆွေ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှုများကိုရှင်းလင်းစဉ်။ (၃၂၉)



တစ်ချက်တည်းဖြင့် ကျင်းဝင်

ရန်ကုန် ဇူလိုင် ၂

ဦးမင်းနောင်သည် ကစားဖော်များဖြစ်ကြသော ဦးဝင်းမိုးအောင်၊ ဦးဇော်မှိုင်းဦး၊ ဦးမြင့်ဌေးတို့နှင့်အတူ ဇွန် ၂၈ ရက်တွင် မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် TITLEIST PRO VI NO.1 ဘောလုံးကို HONMA IRON (7) (TWINMARK) တုတ်ဖြင့် ရိုက်လိုက်ရာ ၁၄၂ ကိုက် အကွာအဝေးရှိ ကျင်းအမှတ် (၁၇)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

(ကြေးမုံ)

ဥတုရာသီ တောကိုမှီ၏

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့နေ

ဦးသန်းထွန်း - ဒေါ်သန်းသန်းနွဲ့ တို့၏သား

မောင်နေအောင်ထွန်း

B.Sc (Physics)

CD.22(Institute of Marine Technology)

Cargo Officer (Ocean Tanker's Pte Ltd, Singapore)

နှင့်

ရန်ကုန်မြို့နေ

ဦးဝင်းသိန်း-ဒေါ်ကေသီညိန်း တို့၏ သမီး

မဖြိုးသွယ်စိုးဝင်း

B.Com (Q),LCCI(UK), DA, DMP, DPrM

Silver Medal in Business and Industrial Administration (UK)

ACCA(UK)

Accounts Executive (Giorgio Ferrari Pte Ltd, Singapore)

တို့သည် ၅-၆-၂၀၁၀ရက်(စနေနေ့)တွင် စင်ကာပူနိုင်ငံ Registry of Marriage ၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပြီး ၆-၆-၂၀၁၀ ရက် (တနင်္ဂနွေနေ့) နံနက်တွင် မင်္ဂလာဦးဆွမ်းကျွေးနှင့် ၆-၆-၂၀၁၀ ရက် (တနင်္ဂနွေနေ့) ညနေတွင် စင်ကာပူနိုင်ငံ Sakura International Restaurant ၌ မင်္ဂလာညစ်ခံပွဲကျင်းပပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်

မောင်နေအောင်ထွန်း-မဖြိုးသွယ်စိုးဝင်း

မြို့ရွာတစ်ခွင်သာစေချင် မီးတွင် မပေါ့နှင့်

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

သမုဒ္ဒရာအတွင်း မျောပါနေသော ပလတ်စတစ်များဖြင့် လူဖန်တီးသောကျွန်းတည်ဆောက်ရန် စီမံကိန်းရေးဆွဲ

သည်ဟိတ် ဇူလိုင် ၂

ပစိဖိတ်သမုဒ္ဒရာ မြောက်ပိုင်း၌ မျောပါနေသော ပလတ်စတစ် အမှိုက်ပုံကြီးမှ ပလတ်စတစ်ကို ကုန်ကြမ်းအဖြစ် အသုံးပြုကာ လူဖန်တီးသည့် ကျွန်းတစ်ကျွန်း အဖြစ် တည်ဆောက်သွားရန် ဒတ်ချ်သိပ္ပံပညာရှင်များက စီမံကိန်း တစ်ရပ်ရေးဆွဲထားပြီး ဖြစ်သည်။ ပစိဖိတ်သမုဒ္ဒရာ မြောက်ပိုင်းတွင် အစုအပြုံလိုက် မျောပါနေသော အမှိုက်ပုံကြီးတွင် စွန့်ပစ် ပလတ်စတစ် ကီလို ၄၄ သန်းအထိ ရှိနေကြောင်း၊ ယင်းပလတ်စတစ် **စာမျက်နှာ ၁၂ ကော်လံ ၁ သို့❖**

အင်တာနက် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးသတင်း

ဘာသာပြန် - ရာမောင်



ပလတ်စတစ်ဖြင့် တည်ဆောက် မည့် ကျွန်းပေါ်တွင် လူများနေထိုင်နေပုံကို သရုပ်ဖော် ရေးဆွဲ ထားသည်မှာ။

(ဓာတ်ပုံ- အင်တာနက်)

နိုင်ငံရေးပါတီ တည်ထောင်ခွင့်များ ဆက်လက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဇူလိုင် ၂

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့ တည်ထောင်လိုသော ပါတီ၏အမည်ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်လျှောက်ထားလျက်ရှိကြရာ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ်(စဒက) UNITY AND DEMOCRACY PARTY OF KACHIN STATE (UDPKS) အဖွဲ့က ၂၀၁၀ ခုနှစ် ဇူလိုင် ၂ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီတည်ထောင်ခွင့် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့်ပါတီ(၄၃)ပါတီရှိပြီး နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ(၃၈)ပါတီအနက် ပါတီ(၃၃)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရန် ကြေညာ

နေပြည်တော် ဇူလိုင် ၂

၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားနိုင်ရန် အတွက် မိမိတို့ စာမေးပွဲဖြေဆိုခဲ့ကြသော စာစစ်ဌာန ကြီးကြပ်ရေးမှူးများ (အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ)ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ်၊ ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့် လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရမည့် ပုံစံများကို ဇူလိုင် ၂၃ ရက်(သောကြာနေ့)မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန်ဖြစ်သည်။

အဆိုပါ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများကို ဇူလိုင် ၂၇ ရက်မှ ဩဂုတ် ၁၆ ရက်အထိ (စနေ၊ တနင်္ဂနွေ) ရုံးပိတ်ရက်များအပါအဝင်(ပိတ်ရက်မရှိ) အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)တွင် လျှောက်ထားနိုင်သည်။ အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၇၆၇၇ နှင့် ၅၂၅၆၁၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)